မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၁၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၉၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ သမ္မတအိမ်တော်မြက်ခင်းပြင်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ ယိမ်းအဖွဲ့ဝင်များနှင့် အနုပညာရှင်များက ခါသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့(မဟာသင်္ကြန်အကြတ်နေ့) နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည့် ၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။

ဂါရဝပြုကြိုဆို

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် သမ္မတအိမ်တော် မြက်ခင်းပြင်ရှိ မဟာသင်္ကြန် ရေကစားမဏ္ဍပ်သို့ ရောက်ရှိလာရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် နိုင်ငံတော် သမ္မတရုံးမိသားစုများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ အောင်စံပယ်ပန်းကုံးများဖြင့် ဂါရဝပြုကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က တက်ရောက်လာကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များအား ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး စိုးဝင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများနှင့် မိသားစုများနှင့်အတူ ခါသင်္ကြန် အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရေကစားမဏ္ဍပ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးတို့မှ ယိမ်းအဖွဲ့ဝင်များ၊ တေးသံရှင်များ၊ နိုင်ငံကျော်ရုပ်ရှင်အနုပညာရှင်များနှင့် တေးသံရှင်များက ခါသင်္ကြန် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေ တင်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမ္မတအိမ်တော်မြက်ခင်းပြင်ရှိ မဟာသင်္ကြန် ရေကစားမဏ္ဍပ်၌ ကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များအား အတာရေဖြင့် ပက်ဖျန်းစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဒုတိယသမ္မတများ၊ အဖွဲ့ဝင်များနှင့် မိသားစုများနှင့်အတူ *စာမျက်နှာ ၂ ကော်လံ ၅* ◆

ဂုဏ်ပြုဆုချီးမြှင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ သီဆိုကပြ ဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့က သီဆိုကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သီဆိုကပြဖျော်ဖြေ

နေပြည်တော်ရှိ သမ္မတအိမ်တော် မြက်ခင်းပြင် မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ ယိမ်းအဖွဲ့ဝင်များက ခါသင်္ကြန်တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

နှစ်သစ်ကူးချိန်

✻ နှစ်သစ်ကူးတဲ့ သည်ချိန်ခါ
မှန်မှန်ရောက်လို့လာ။
မွှေးထုံနံ့သာ ပွင့်လှဆန်း
ရွှေဝါပိတောက်ပန်း။
✻ အောင်နိမိတ်တန်း အောင်တိတ်ချီ
အောင်ကြောင်းပုံရိပ်တည်၊
ဖူးတံဝင့်ချီ ထူးထွေလှ
မြန်မာ့တန်ခူးလ။
✻ ဒါနသီလ ဘာဝနာ
ပြုကြများသူငါ၊
အစဉ်အလာမမေ့တမ်း
ကောင်းမွေ လက်ဆင့်ကမ်း။
✻ အေးအေးချမ်းချမ်း ပုံရိပ်ထင်
မြို့တိုင်းရွာတိုင်းပင်၊
ပြုံးပန်းကိုဆင် တာရေလောင်း
နှစ်သစ်နိမိတ်ကောင်း။
✻ ညီညာစုပေါင်းပျော်ရိပ်ခို
ပြုကြမြတ်ကုသိုလ်၊
သက်ကြီးရွယ်အိုအေးချမ်းရေး
ခေါင်းလျှော်ရေချိုးပေး။
✻ ဧည့်ခံကျွေးမွေးအစားစာ
မုန့်လုံးရေပေါ်ပါ၊
မြန်မာ့ရိုးရာ မုန့်တစ်မျိုး
စားကြဘယ်မရိုး။
✻ နှစ်သက်မြတ်နိုးနွှဲပျော်ရွှင်
သင်္ကြန်ခါတော်တွင်၊
စိတ်ထားဖြူစင်ပြယုဂ်များ
အားလုံးသိစေသား။ ။

သောင်းကိုကို

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍာပ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၄

၁၃၇၃ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍာပ်ဖွင့်ပွဲကို ဧပြီ ၁၂ ရက် ညနေ ၅ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမရှေ့၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဝင်းဆွေနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးတို့နှင့်အတူ ဗဟိုမဏ္ဍာပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အမွှေးနံ့သာများကို သပြေခက်ဖြင့်ပက်ဖျန်းကြပြီး သင်္ကြန်ယိမ်းအဖွဲ့များ၊ ကရင်ဒုံးယိမ်းအဖွဲ့များနှင့် ထားဝယ်ရိုးရာသံချပ်အဖွဲ့များက ကပြဖျော်ဖြေကြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်မဏ္ဍာပ်ဖွင့်ပွဲနှင့် ထားဝယ်တပ်နယ်မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍာပ်ဖွင့်ပွဲတို့သို့လည်း တက်ရောက်အားပေးကာ ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဧပြီ ၁၃ ရက် နံနက် ၉ နာရီခွဲတွင် ထားဝယ်မြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍာပ်၊ ပြည်ထဲရေးဝန်ကြီးဌာနမဏ္ဍာပ်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မဏ္ဍာပ်တို့သို့ လှည့်လည်သွားရောက်ပြီး ယိမ်းအဖွဲ့များ၏ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၁၅ ရက်)

နှစ်ဆန်းတစ်ရက်နေ့နှင့် အမြတ်ဆုံးအလှူဒါနများ

မကြာမီနှစ်တစ်နှစ်ကုန်၍ တစ်နှစ်ဆန်းတော့မည်။ မြန်မာတို့၏ နှစ်ဆန်းသည်ကား ထူးခြားသည်။ အလှူဒါနများဖြင့် ထုံမွမ်းပြည့်စုံသော နှစ်ဆန်းတစ်ရက်နေ့ဖြစ်ပေသည်။ သက်ကြီးဘိုးဘွားတို့အား ကျွေးမွေးပြုစုစောင့်ရှောက်ပေးခြင်း အလှူဒါန၊ သက်လွှတ်ပွဲများပြုလုပ်ခြင်း အလှူဒါန၊ သွေးလှူဒါန်းခြင်းအလှူဒါန စသောအလှူဒါနများ ပြုကြလေ့ရှိသည်။ ဤအလှူတို့အနက် ဇီဝိတဒါနသည် အမြတ်ဆုံးအလှူမည်ထိုက်ပေ၏။

သူတစ်ပါး၏ အသက်ကိုကယ်တင်ပေးခြင်းသည် ဇီဝိတဒါနအလှူပင်ဖြစ်၏။ အများသူငါများ ကျန်းမာချမ်းသာပါစေ၊ ကျွတ်လွတ်ထွက်မြောက်ကြပါစေ စသောစိတ်ကောင်းစေတနာများဖြင့် ဤနှစ်ဆန်းတစ်ရက်နေ့အခါသမယတွင် ဇီဝိတဒါနများကို ပြုလေ့ရှိကြသည်။ သွေးလှူဒါန်းခြင်းနှင့် သက်လွှတ်ပေးခြင်းသည် ဇီဝိတဒါနအလှူများပင်ဖြစ်၏။

မိမိခန္ဓာကိုယ်မှသွေးကိုဖောက်ထုတ်၍ စိတ်ကောင်းစေတနာနှင့် လှူဒါန်းသော အလှူလောက် မြတ်သောအလှူ ဘယ်မှာရှိအံ့နည်း။ မိမိ၏အသက်ခန္ဓာကိုယ်ကို အရင်းအနှီးပြု၍ လှူဒါန်းသောအလှူဒါနသည် အမွန်မြတ်ဆုံးပင်ဖြစ်၏။ သုမေဓာရှင်ရသေ့သည် မြတ်စွာဘုရား ဒေသစာရီကြွမြန်းလာစဉ် ခန္ဓာကိုယ်ကို အရင်းအနှီးပြုလျက် တံတားခင်းလှူသည့် ကုသိုလ်ထူးကြောင့် နောင်သောအခါ ဘုရားအဖြစ်သို့ ပွင့်တော်မူလေသည်။ ဤကားမိမိ၏ အသက်ခန္ဓာကိုရင်းပြီး ပြုသည့်အလှူဒါနပင်ဖြစ်၏။

ထို့ကြောင့်ပင် နှစ်စဉ်နှစ်တိုင်း မြန်မာနှစ်ဆန်းတစ်ရက်နေ့ရောက်ပြီဆိုလျှင် သွေးလှူဒါန်းခြင်း ဇီဝိတဒါနအလှူများကို ပြုကြလေသည်။ အထူးသဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အာရုံခံတန်ဆောင်း၌ သွေးလှူဒါန်းပွဲများ အစဉ်အလာအားဖြင့် ကျင်းပလေ့ရှိသည်။ ထို့အပြင် ဆေးရုံသွေးလှူဘဏ်များတွင်လည်း သွေးလှူဒါန်းပွဲများ ကျင်းပလေ့ရှိသည်။ သွေးလှူဒါန်းခြင်းကို တစ်ဦးတစ်ယောက်ချင်းဖြစ်စေ၊ အသင်းအဖွဲ့လိုက်ဖြစ်စေ သွားရောက်လှူဒါန်းလေ့ရှိကြသည်။

သွေးလှူဒါန်းခြင်းကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ အနာရောဂါကင်းဝေးခြင်း၊ သွေးသားသန့်ရှင်းစင်ကြယ်ခြင်း၊ စီးပွားဥစ္စာတိုးပွားခြင်း စသောအကျိုးထူးများကို ရနိုင်၏။ ထို့ကြောင့် "သွေးသည်အသက်၊ အသက်သည်သွေး" ဟုဆိုထား၍ ကူးစက်ရောဂါမရှိသည့် ပျိုရွယ်ကျန်းမာသူတိုင်း ဇီဝိတဒါနသွေးလှူဒါန်းခြင်းကို ပြုထိုက်ပေသည်။

အလားတူ မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် သက်လွှတ်ပွဲများ ကျင်းပခြင်းသည်လည်း ဇီဝိတဒါနပင်ဖြစ်၏။ သတ္တဝါဝေနေယျအပေါင်း ကျွတ်ပါစေ၊ လွတ်ပါစေ ဟူသောစိတ်ကောင်းနှလုံးကောင်းဖြင့် သက်လွှတ်ပွဲများ ကျင်းပခြင်းပင်ဖြစ်၏။ ထိုနေ့တွင် အများအားဖြင့် ငါးများနှင့် စာကလေးငှက်ကလေးများကို လွှတ်ကြသည်။ "ကိုယ်နှင့်လည်းစာ၊ သတ္တဝါကိုကြင်နာလှစေ၊ သူ့အသက်ကိုချစ်ပါလေ" ဟူ၍ စာဆိုကဝိအကျော် ရှင်မဟာရဋ္ဌသာရက ဆုံးမစာရေးသားဖူး၏။ သူ့အသက်ကို သနားခြင်း၊ သူ့အသက်ကို မသတ်ခြင်းသည် ပါဏာတိပါတာကံကို စောင့်ထိန်းရာလည်းရောက်ပေသည်။

သို့ဖြစ်၍ ဤနှစ်ဆန်းတစ်ရက်နေ့ အခါသမယတွင် သွေးလှူဒါန်းခြင်း ဇီဝိတဒါန၊ သက်လွှတ်ခြင်း ဇီဝိတဒါနတို့ကို ပြုလုပ်နိုင်ကြပါသည်။ အသက်ကို ကယ်တင်ခြင်းတည်းဟူသော ဇီဝိတဒါနသည် အမွန်မြတ်ဆုံးသောအလှူဖြစ်သဖြင့် လူတိုင်းပင် ဇီဝိတဒါနကိုပြုလုပ်သင့်ပါကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

ဂုဏ်ပြုဆုငွေများ ချီးမြှင့်

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ သီဆိုကပြဖျော်ဖြေကြသည့် ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြစဉ်။ (သတင်း-ရှေ့)

(သတင်းစဉ်)

အတာရေဖြင့် ပက်ဖျန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သမ္မတအိမ်တော် မြက်ခင်းပြင်ရှိ မဟာသင်္ကြန် ရေကစားမဏ္ဍပ်၌ ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာကြသူများအား အတာရေဖြင့် ပက်ဖျန်းစဉ်။ (သတင်း-ရှေ့)

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမွန်တို့ သမ္မတအိမ်တော် မြက်ခင်းပြင်ရှိ မဟာသင်္ကြန်ရေကစားမဏ္ဍပ်၌ ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သို့ တက်ရောက်လာကြသူများအား အတာရေဖြင့် ပက်ဖျန်းစဉ်။ (သတင်း-ရှေ့)

(သတင်းစဉ်)

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မဟာသင်္ကြန်ပွဲတော်မဏ္ဍပ်များ လှည့်လည်အားပေး

နေပြည်တော် ဧပြီ ၁၄

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများနှင့်အတူ ဧပြီ ၁၃ ရက် နံနက် ၈ နာရီတွင် ပုသိမ်တက္ကသိုလ် ရေကစားမဏ္ဍပ်၌ ခါသင်္ကြန် ကပြသီဆို ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် တိုင်းဒေသကြီးမြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ရေကစားမဏ္ဍပ်တို့သို့ သွားရောက်ပြီး သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ယိမ်းအဖွဲ့များအား ဆုချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင် ရေကစားမဏ္ဍပ်များ၌ ခါသင်္ကြန် ကပြသီဆို ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပျော်ရွှင် ဆင်နွှဲ မြန်မာ့ရိုးရာ သင်္ကြန်ပွဲ

ချင်းပြည်နယ်ဝန်ကြီးချုပ် မင်းတပ်-အောက်ချိုင်ဒေသဖွံ့ဖြိုးရေး မြေသားကားလမ်းဖွင့်ပွဲနှင့် ဘော်ဒါဆောင်ဖွင့်ပွဲများ တက်ရောက်

နေပြည်တော် ဧပြီ ၁၄

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် မင်းတပ်-အောက်ချိုင်ဒေသဖွံ့ဖြိုးရေး မြေသားကားလမ်းဖွင့်ပွဲနှင့် ဘော်ဒါဆောင်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၈ ရက် ညနေ ၄ နာရီတွင် အောက်ချိုင်ကျေးရွာ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးအောင်ဆန်းဦး၊ ဒေသဖွံ့ဖြိုးရေးကားလမ်း ကော်မတီဥက္ကဋ္ဌ မင်းတပ်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလင်းဟာတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ယာပုံ)

ထို့နောက် အောက်ချိုင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း လှူဒါန်းထားသည့် ဘော်ဒါဆောင် နှစ်ဆောင်ဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်နှင့် မင်းတပ်မြို့နယ်ပညာရေးမှူး ဦးအောင်ကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အောက်ချိုင်ကျေးရွာ အားကစားကွင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက မင်းတပ်-အောက်ချိုင်လမ်း ဖွင့်လှစ်ခြင်း၊ ဘော်ဒါဆောင် နှစ်ဆောင် ဖွင့်လှစ်ခြင်းတို့သည် အောက်ချိုင်ဒေသ ဖွံ့ဖြိုးလာမည့် အခြေအနေကောင်းများ ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မင်းတပ်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဖွေနှင့် ဒေသဖွံ့ဖြိုးရေး ကားလမ်း ကော်မတီဥက္ကဋ္ဌ မင်းတပ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းတို့က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အောက်ချိုင်ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ငွေကျပ် ငါးသိန်းကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ပြည်နယ်ဝန်ကြီးချုပ်သည် ဧပြီ ၁၀ ရက်တွင် လှက်လောင်းဒေသဖွံ့ဖြိုးရေးလမ်း (ရှိ-လုံခါး-တီးဒိန်-၅၆မိုင်)ကို ဖွင့်လှစ်ပေးပြီး တီးဒိန်ကျေးရွာ ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ် နှစ်သိန်း၊ ရှိကျေးရွာ ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းသည်။

ဧပြီ ၁၁ ရက်တွင် မင်းတပ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး မင်းတပ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ခန်းမဆောင်နှင့် မြို့နယ်ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဧပြီ ၁၂ ရက် ညနေ ၄ နာရီတွင် ရမ်ပန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း လှူဒါန်းထားသည့် ဘော်ဒါဆောင် နှစ်ဆောင်ဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်၊ မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် အဆောက်အအုံဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ကျောင်းဆောင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရမ်ပန်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ငါးသိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ဖျော်ဖြေမှုများ အားပေး

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ သံတမန်အဖွဲ့ နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua နှင့် ဇနီး ဦးဆောင်သော သံတမန်အဖွဲ့ဝင်များ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကလုပျိုပြိုများ၏ ဖျော်ဖြေမှုများကို အားပေးကြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Robert Chua နှင့် ဇနီး ဦးဆောင်သော သံတမန်အဖွဲ့ဝင်များ မက်စ်မြန်မာကုမ္ပဏီများ ရေသဘင်မဏ္ဍပ်၌ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ဆင်နွှဲကြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့က နေပြည်တော်အက်ဖ်စီမဏ္ဍပ်၌ ယိမ်းအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

❒ *ကျော်ဖုံးမှ*

အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်တို့၌ ရေသဘင်မဏ္ဍပ်များဆောက်လုပ်၍ ရေပက်ကစားကြသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် စည်ကားလျက်ရှိသည်သာမက ပျော်ရွှင်စွာ ရေကစားကြသည်များကို ကြည့်ရှုအားပေးသည့် ပြည်သူများကိုလည်း တွေ့ရသည်။ (သတင်းစဉ်)

မဟာသင်္ကြန် အကြတ်နေ့က နေပြည်တော်ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန် ရေကစားမဏ္ဍပ်များ၌ ရေပက်ကစားကြသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

လမ်း-တံတား အသုံးပြုခကောက်ခံခြင်း စနစ်တကျ ဆောင်ရွက်နေမှုများကို ယာဉ်ပိုင်ရှင်များနှင့် ပြည်သူများ သိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်း-တံတားအသုံးပြုခများ လျှော့ကျရေးနှင့် သတ်မှတ်အလေးချိန်ထက် ပိုမိုတင်ဆောင်သော (တန်ပို)ယာဉ်များ ပပျောက်၍ ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး သယ်ပို့စရိတ်ကျဆင်းစေနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လမ်း-တံတား အသုံးပြုခများကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်းသာ ကောက်ခံရန် လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုရာတွင် ယခင်နှစ်များနှင့်မတူ လမ်းဂိတ်များအလိုက် စနစ်တကျ စုဖွဲ့စိစစ်နှုန်းကောက်ယူပြီး သက်ဆိုင်ရာဂိတ်အလိုက် တစ်နှစ်ဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းပြီး ကျန် ၂၀ ရာခိုင်နှုန်းကို လုပ်ကိုင်ခွင့်ရရှိသူမှ ခံစားစေနိုင်ရန်၊ တံတားအသုံးပြုခကို သတ်မှတ်ချက်အတိုင်း ကောက်ခံ၍ တစ်နှစ်ဝင်ငွေ၏ ၈၅ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းပြီး ၁၅ ရာခိုင်နှုန်းကို လုပ်ကိုင်ခွင့်ရရှိသူမှ ခံစားစေနိုင်ရန် ဆောင်ရွက်ထားသည်။

လမ်းနှင့် တံတားအသုံးပြုခ ပိုမိုကောက်ခံမှုများ မဖြစ်ပေါ်စေရန် ယခင်နှစ်များကဲ့သို့ လေလံပစ်၍ ဈေးနှုန်းတိုးမြှင့်ပေးသွင်းခြင်း မပြုစေတော့ဘဲ သတ်မှတ်ကြမ်းခင်းဈေးအတိုင်းသာ မဲနှိုက်၍ဦးစားပေးစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့သည်။

လမ်း-တံတားအသုံးပြုခများကို သတ်မှတ်ထားသည့် နှုန်းထားအတိုင်းသာ ကောက်ခံရမည်ဖြစ်၍ လမ်း-တံတားအသုံးပြုခပေးဆောင်ရခြင်းများ ယခင်ကထက်များစွာလျှော့ကျကာ သယ်ပို့စရိတ်များလည်း လျှော့ကျသွားမည်ဖြစ်သည်။

မော်တော်ကားပိုင်ရှင်များသည် သတ်မှတ်ခွင့်ပြု အလေးချိန်အတိုင်းသာ ကုန်တင်ပို့ဆောင်ပါက မည်သည့်ဂိတ်တွင်မဆို တန်ပိုအတွက် ကတ္တားချိန်ရန်မလိုဘဲ သွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုများ မြန်ဆန်လျက် သယ်ပို့စရိတ်ကြောင့် ကုန်ဈေးနှုန်းကြီးမြင့်နိုင်မည်မဟုတ်ပါ။

လမ်း-တံတားအသုံးပြုခကောက်ခံသည့် ဂိတ်များမှ သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံကြောင်း စစ်ဆေးတွေ့ရှိပါက သုံးရက်အတွင်း လုပ်ငန်းလုပ်ကိုင်ခွင့် ပြန်လည်ရုပ်သိမ်းပြီး ဦးစားပေးအလိုက် လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား လုပ်ငန်းလွှဲပြောင်း လုပ်ကိုင်စေလျက်ရှိသည်။

ယခုရက်ပိုင်းအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဥရုချောင်းတံတားဂိတ်သည် သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံသဖြင့် ၄-၄-၂၀၁၂ ရက်နေ့ ၂၄ နာရီတွင်လည်းကောင်း၊ ရှမ်းပြည်နယ်၊ အောင်ပန်း-ပင်လောင်းလမ်းရှိ အောင်ပန်းဂိတ်သည် သတ်မှတ်နှုန်းထက် ပိုမိုကောက်ခံသဖြင့် ၁၀-၄-၂၀၁၂ ရက်နေ့ ၂၄ နာရီတွင်လည်းကောင်း လုပ်ကိုင်ခွင့်များ ပြန်လည်ရုပ်သိမ်းပြီး ဒုတိယဦးစားပေးလုပ်ကိုင်ခွင့် ရရှိသူများအား လွှဲပြောင်းလုပ်ကိုင်စေခြင်းကို ၅-၄-၂၀၁၂ ရက်နေ့နှင့် ၁၁-၄-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့သည်။

သို့ဖြစ်ပါ၍ ဝန်ကြီးဌာနမှ ဂိတ်ကြေးများမမြင့်အောင် ဆောင်ရွက်ပေးထားပြီး ဖြစ်ပါသဖြင့် ယာဉ်ပိုင်ရှင်များဘက်မှလည်း သတ်မှတ်ကုန်တန်ချိန်အတိုင်းသာ တင်ဆောင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

အတာသင်္ကြန် အပျော်ကျူးသူများနှင့် ယာဉ်အန္တရာယ်

ကိုကြီးသာ

ရန်ကုန် ဧပြီ ၁၄

မြန်မာလူမျိုးတို့၏ နှစ်သစ်ကူး အတာသင်္ကြန်သည် လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်ဆင်နွှဲ ပျော်မြူးနိုင်သည့် ၁၂ လရာသီ ပွဲတော်များအနက်မှ အထူးခြားဆုံးနှင့် ပျော်ရွှင်ဖွယ်ရာအကောင်းဆုံး ပွဲတော်တစ်ခုဖြစ်သည်။ နှစ်ဟောင်းမှ အညစ်အကြေးများကို နှစ်သစ်သို့ သယ်ဆောင်မသွားနိုင်စေရန်အတွက် အတာရေဖြင့် ဆေးကြောကာ ရေပက်လောင်းကစားကြရသည့် ပွဲတော်ဖြစ်သည့်အတွက် အသက်အရွယ် ကြီး/ငယ်မရွေး ပါဝင်ဆင်နွှဲကြသည်။ အတာရေသည် ဘေးဘယာဝေးကွာ၍ အန္တရာယ်ကင်းသည်ဟု ရှေးလူကြီးသူမများ၏ ရှေးထုံးစကားများအရ ကြားသိ မှတ်သားဖူးသည်။

အတာရေသည် မည်မျှပင်ဘေးဘယာဝေးကွာစေကာမူ အတာကူးသည့် နှစ်ကူးကာလတွင် အပျော်ကျူးသူများ၊ စည်းကမ်းမလိုက်နာသူများ၊ သောက်စားမူးယစ်သူများ၊ ဥပဒေကို ချိုးဖောက်သူများနှင့် မိမိကိုယ်ကို မထိန်းသိမ်းနိုင်သူများကြောင့် နှစ်စဉ်နှစ်သစ်ကူး အတာရေသဘင်ပွဲတော်တွင် ထိခိုက်ပွန်းပဲ့၊ ဒဏ်ရာအနာတရရကြသည်များမှအစ အသက်သေဆုံးသည်အထိ ဘေးအန္တရာယ်များကြုံတွေ့ကြရသည်ကို နှစ်စဉ်ကြားသိမြင်တွေ့နေရပေသည်။

ယခုနှစ် သင်္ကြန်ပွဲတော်စတင်သည့် သင်္ကြန်အကြိုနေ့မှ စတင်စဉ်ကပင် ယာဉ်မဆင်မခြင် မောင်းနှင်သူများကြောင့် ယာဉ်တိုက်မှုနှင့် ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားခဲ့ရာ အသက်ဆုံးရှုံးကြသူများ၊ ထိခိုက်ဒဏ်ရာရသူ လူကြီးလူငယ်များနှင့် ကလေးများအထိပင် ပါဝင်ခဲ့ကြသည်ကို ကြားသိရသည်မှာ နှစ်သစ်သင်္ကြန်အစမှာပင် စိတ်မကောင်းဖွယ်ရာ ဖြစ်မိသည်။

ထိန်းသိမ်း

ယခုနှစ် အတာသင်္ကြန်သည် ယခင်နှစ်များနှင့်မတူ ရက်ထပ်နှစ်ဖြစ်၍ သင်္ကြန်ကျရက် ငါးရက်ဖြစ်သောကြောင့် လူကြီးလူငယ်များ ပိုမိုပျော်ရွှင်စွာ နှစ်သစ်ကို ကြိုကြရန်အားခဲထားကြသည်။ ရေကစားရန် အားခဲထားကြသည်နှင့်အတူ ရေကစားသူ၊ ရေပက်ခံထွက်သူများဖြင့်လည်း အလွန်စည်ကားနေသည်ကို တွေ့ရသည်။ ယာဉ်မောင်းသူအချို့နှင့် ရေပက်ခံထွက်သူ အချို့သည် အရက်၊ ဘီယာသောက်သုံးကြကာ အပျော်ကျူးနေကြသည်ကိုလည်း တွေ့မြင်နေရသည်။ ရေပက်ခံထွက်သူ လူကြီး၊ လူငယ်များနှင့် ကလေးငယ်များကလည်း ယာဉ်ပေါ်မှ အလွယ်တကူ ပြုတ်ကျနိုင်သော နေရာများတွင်ထိုင်၍ လိုက်ပါကြသည်ကို တွေ့မြင်နေရသည်မှာ အလွန်အန္တရာယ်များလှသည့် မြင်ကွင်းများဖြစ်၍ ဆင်ခြင်ထိန်းသိမ်းကြစေချင်သည်။

ယနေ့သင်္ကြန်ကာလ နှစ်ရက်အလိုတွင် သင်္ကြန်လည်သူများ ဘေးအန္တရာယ်မဖြစ်ပွားစေရန်အတွက် မိမိ၏ ဘေးအန္တရာယ်၊ မိမိ၏မိတ်ဆွေသူငယ်ချင်းများနှင့် မိမိ၏ ရင်သွေးငယ်များ၏ ဘေးအန္တရာယ်များမတွေ့ကြုံနိုင်စေရန်အတွက် ဝိုင်းဝန်းကြိုတင်ကာကွယ်ကာ ပျော်မြူး၍ အတာကူးနိုင်ကြပါစေလို့ . . . ။

ဂုဏ်ပြုဆုချီးမြှင့်

ဧပြီ ၁၄ ရက် (သင်္ကြန်အကြတ်နေ့) က ရန်ကုန်အရှေ့ပိုင်းခရိုင် မဟာသင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ကျင်းပရေး ကော်မတီ အရှေ့ပိုင်းခရိုင် ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်က သီဆိုကပြဖျော်ဖြေကြသော သာကေတမြို့နယ် ဖျော်ဖြေရေး အမျိုးသမီးအဖွဲ့အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၀၂၅)

မြန်မာ့အလင်း **နောက်ဆုံးရ နိုင်ငံတကာသတင်း** **နောက်ဆုံးရ နိုင်ငံတကာသတင်း**

မိုးမြင့်လင်းလက် - စုစည်းသည်

ထိုင်းနှစ်သစ်ကူး ဆွန်ခရန်ရေသဘင်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

ဗန်ကောက် ဧပြီ ၁၄

ထိုင်းနိုင်ငံ၏ နှစ်သစ်ကူး ဆွန်ခရန် ရေသဘင်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ စတင်ကျင်းပဆင်နွှဲရာမြို့တော်ဗန်ကောက်ရှိ ခိုဆန်လမ်းမတစ်လျှောက်တွင် ရေပက်ခံကားများ၊ လမ်းလျှောက်ရေပက်ခံထွက်သူများ၊ ရေပက်သူများအပြင် ဆင်များဖြင့်ရေပက်ခြင်းများကြောင့် စည်ကားပျော်ရွှင်လျက်ရှိသည်။ထို့အတူ ချင်းမိုင်မြို့နှင့်ခိုဆန်မြို့လမ်းမကြီးများပေါ်တွင်လည်း ရေပက်ခံထွက်လာသော ကမ္ဘာလှည့်ခရီးသည်များ၊ ရေကစားကြသည့်ဒေသခံများဖြင့်ရေသဘင်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲလျက်ရှိသည်။ **(အောက်ပုံ)**

ထိုင်းနိုင်ငံတောင်ပိုင်း ဆောင်ခလာပြည်နယ် ဟက်ရိုင်မြို့တွင် မလေးရှားနိုင်ငံမှ လာရောက်ဆင်နွှဲသည့် နိုင်ငံခြားသားရေပက်ခံထွက်သူများက ဒေသခံများနှင့်အတူ ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

တစ်ဖန် ချင်းမိုင်မြို့တွင်လည်း ကမ္ဘာလှည့်ခရီးသွားများက ပလတ်စတစ်ရေပြွတ်များ၊ ပလတ်စတစ်ရေပုံးများဖြင့် ရေပက်ကစားကြသကဲ့သို့ ရေထည့်ထားသောပလတ်စတစ်စည်များ ကားပေါ်တင်ကာရေပက်ခံထွက်ကြ၊ ရေကစားကြသဖြင့် စည်ကားလျက်ရှိသည်။

ကြပ်မတ်ထိန်းသိမ်း

ဗန်ကောက်မြို့ ခိုဆန်လမ်းမကြီးတစ်လျှောက်တွင် ကမ္ဘာလှည့်ခရီးသည်အများအပြားက ဒေသခံများနှင့်အတူ ပျော်ရွှင်ကြည်နူးစွာ ရေကစားကြလျက်ရှိရာ ခိုက်ရန်ဖြစ်ပွားမှုနှင့် တစ်စုံတစ်ရာပြဿနာများမဖြစ်စေရန် ထိုင်းရဲတပ်ဖွဲ့ဝင် ၃၀၀ နှင့်လုံခြုံရေး စေတနာ့ဝန်ထမ်း ၁၅၀ တို့က ကြပ်မတ်ထိန်းသိမ်းပေးလျက်ရှိသည်။

ထိုင်းနိုင်ငံမြို့ပေါင်း ၂၀၀ ခန့်တွင် နှစ်သစ်ကူး ရေသဘင်ပွဲတော်ဆင်နွှဲသည့်ကာလအတွင်း လူငယ်အမျိုးသား၊ အမျိုးသမီးများအနေဖြင့် မလုံ့တလုံ အဝတ်အစားများ၊ ယဉ်ကျေးမှုထိခိုက်စေမည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများဝတ်ဆင်ခြင်းမပြုကြရန် စည်းကမ်းထုတ်ထားရာ ရဲတပ်ဖွဲ့ဝင်များ ကြပ်မတ်ပေးလျက်ရှိသည်။ **(အင်တာနက်)**

အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိများနေထိုင်ရှင်သန်နိုင်

ဝါရှင်တန် ဧပြီ ၁၄

အင်္ဂါဂြိုဟ်မျက်နှာပြင်ကို လွန်ခဲ့သည့် ၁၉၇၆ ခုနှစ်က သွားရောက်လေ့လာခဲ့သော နာဆာ၏ ဗိုက်ကင်းလေ့လာရေးယာဉ် **(အပေါ်ပုံ)**မှ ရရှိခဲ့သည့်အချက်အလက်များနှင့် ဓာတ်ပုံများကို နာဆာအာကာသသိပ္ပံပညာရှင်များက ပြန်လည်သုတေသနပြုလေ့လာခဲ့ရာ ဗက်တီးရီးယားပိုးများ အသက်ရှင်နေထိုင်လျက်ရှိသည်ကို ကောက်ချက်ချနိုင်ခဲ့ကြောင်း ဧပြီ ၁၄ ရက်ကသတင်းထုတ်ပြန်သည်။

သုတေသနပြုတွေ့ရှိ

အင်္ဂါဂြိုဟ်မျက်နှာပြင်မှ နမူနာယူဆောင်ခဲ့သော အချို့ကျောက်ခဲများတွင် ဗက်တီးရီးယားပိုးရုပ်ကြွင်းများကို တွေ့ရှိခဲ့ရကြောင်း နာဆာသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်အသစ်တစ်ရပ်တွင် ဖော်ပြခဲ့သည်။ အဆိုပါဗက်တီးရီးယားပိုးရုပ်ကြွင်းများသည် ၁၉၇၆ ခုနှစ်ခန့်က အသက်ရှင်ခဲ့သောအနေအထားရှိကြောင်း သုတေသနပြုတွေ့ရှိခဲ့ကြသည်။

သို့သော် အင်္ဂါဂြိုဟ်မှယူဆောင်ခဲ့သော အချို့ကျောက်ခဲများကို မိုက်ခရိုစကုပ်ဖြင့် အသေးစိတ်လေ့လာခဲ့ရာတွင် ဗက်တီးရီးယားပိုးအချို့မှာ လှုပ်ရှားအသက်ရှင်လျက်ရှိနေကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့ကပြောကြားသည်။

ယင်းအခြေခံကျသည့် တွေ့ရှိချက်ကြောင့် အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိများနေထိုင်သည့်အနေအထားမှာ ၉၉ ရာခိုင်နှုန်းမျှသေချာနေပြီဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

တရုတ်အနောက်ပိုင်း ချုံကျင်းမြို့အနီး တောင်ပြိုကျမှုဖြစ်ပွား ခြောက်ဦးသေဆုံး

ချုံကျင်း ဧပြီ ၁၄

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ချုံကျင်းမြို့အနီးတွင်တည်ရှိသော တောင်တစ်တောင်သည် ဧပြီ ၁၄ ရက်နံနက်က ရုတ်တရက်ပြိုကျခဲ့ရာ ခြောက်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

ဖြစ်ပွားမှုမှာ ဧပြီ ၁၄ ရက် နံနက် ၁ နာရီခန့်က ယင်းတောင်မှာ ရုတ်တရက်ပြိုကျပြီး အနီးတွင်ရှိသော အီဂနိယန်အမည်ရှိ တံတားတစ်စင်းလည်း ပြိုကျခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများမှာ ၎င်းတောင်ခြေ၌ စခန်းချအလုပ်လုပ်ကိုင်နေသူများဖြစ်သည်။

သေဆုံးသူများမှာ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုနှင့် လျှပ်စစ်ကုမ္ပဏီတစ်ခုတို့မှ အလုပ်သမားများဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများမှာ ဒဏ်ရာပြင်းထန်ခြင်းမရှိကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

အဆိုပါတောင်မှာ မည်သည့်အတွက်ကြောင့် ရုတ်တရက်ပြိုကျခဲ့သည်ကို တာဝန်ရှိသူများက စုံစမ်းလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ



ဘရာဇီးကမ်းလွန်ဒေသ၌ ရေနံသိုက်တွေ့ရှိ

ရီယိုဒီဂျနေးရိုး ဧပြီ ၁၄

ဘရာဇီးနိုင်ငံ အရှေ့တောင်ကမ်းလွန်ရှိ ဆန်တော့ချိုင့်ဝှမ်းမှ ရေနံသိုက်တွေ့ရှိကြောင်း ဘရာဇီးပုဂ္ဂလိက ရေနံကုမ္ပဏီ အိုဂျီအိတ်ချ်က ဧပြီ ၁၃ ရက်တွင် ကြေညာသည်။ **(အပေါ်ပုံ)**

အိုဂျီအိတ်ချ်ရေနံအစမ်းတွင်းမှာ ဆောပေါလိုပြည်နယ်ကမ်းလွန် ၁၁၅ ကီလိုအကွာတွင် တည်ရှိကြောင်း အိုဂျီအိတ်ချ်ကုမ္ပဏီက ကြေညာသည်။

ထိုဒေသ ပင်လယ်ရေအနက်မှာ ပျမ်းမျှ ၁၉၆ မီတာနက်ပြီး အိုဂျီအိတ်ချ် ၇၄ အစမ်းတွင်းမှ အနက် ၄၄၃၉ မီတာအရောက်တွင် ရေနံသိုက်တွေ့ရှိခြင်းဖြစ်သည်ဟု ကြေညာသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်နှင့် ဂျပန်နိုင်ငံ အိုဆာကာအကြား တိုက်ရိုက်လေကြောင်းခရီးစတင်တော့မည်

ဟီဖေ ဧပြီ ၁၄

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ် ဟီဖေမြို့နှင့် ဂျပန်နိုင်ငံ အိုဆာကာမြို့အကြား တိုက်ရိုက်လေယာဉ်ခရီးစဉ်များကို ဧပြီလကုန်တွင် စတင်ပြေးဆွဲမည်ဖြစ်ကြောင်း ဟီဖေခရီးသွားလုပ်ငန်းဗျူရိုမှ အာဏာပိုင်များက ဧပြီ ၁၃ ရက်တွင် ပြောကြားသည်။

၎င်းခရီးစဉ်တွင် လိုက်ပါသည့် လေယာဉ်စီးခရီးသည်များအနေဖြင့် ရှန်ဟိုင်းတွင် လေယာဉ်ပြောင်းစီးရန် မလိုတော့သည့်အပြင် လောလောဆယ် ငါးနာရီ ခရီးအစား ဟီဖေနှင့်အိုဆာကာအကြား ၂ နာရီ မိနစ် ၄၀ ဖြင့် အရောက်သွားနိုင်တော့မည်ဖြစ်သည်။

ချိုင်းနားအီးစတင်းလေကြောင်းလိုင်း **(ယာပုံ)**က တိုက်ရိုက်ခရီးစဉ်များကို ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

နယူးယောက် ဧပြီ ၁၄

သွေးကင်ဆာကျွမ်းနေပြီး အသက်ဇီဝိန်မကြာမီ ချုပ်ငြိမ်းရတော့မည့် အမေရိကန်နယူးယောက်သူ သတို့သမီးအား ကရုဏာသက်ကာ ဇာပန်းထိုးသတို့သမီးဝတ်စုံ လှူဒါန်းသူ၊ လက်ထပ်လက်စွပ်နှစ်ကွင်းလှူဒါန်းသူ၊ ပျားရည်ဆမ်းခရီးကုန်ကျ စရိတ်ကျခံသူများနှင့်အတူ မင်္ဂလာပွဲကို ကျင်းပခဲ့သည်။ **(အောက်ယာပုံ)**

သွေးကင်ဆာကျွမ်းနေပြီဟုဆိုခဲ့သူ သတို့သမီး လိမ်လည်ပြီး မင်္ဂလာပွဲကျင်းပခဲ့သဖြင့် ရုံးတင်စစ်ဆေးခံရ

သို့သော် ထိုမင်္ဂလာပွဲ၏ သတို့သမီးလေး အသက် ၂၅ နှစ်ရှိ ဂျက်ဆီကာဗီဂါသည် တရားရုံးက ခေါ်ယူစစ်ဆေးခြင်းခံနေရပြီဖြစ်သည်။

သွေးကင်ဆာဖြင့် သေရမည်ဆိုသည်မှာ ကလီကမာလုပ်ကြံဇာတ်ခင်းခြင်းဖြစ်ကြောင်း၊ သူမ၏ အိပ်မက်မင်္ဂလာပွဲအကောင်အထည်ပေါ်လာရေးအတွက် အကုန်လုံးကို အကြီးအကျယ်လိမ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလို မာယာဆင်လုပ်ဇာတ် အတုအယောင်ဖန်တီးရိုက်စားလုပ်ခဲ့သဖြင့် တရားစွဲဆိုစစ်ဆေးနေခြင်းဖြစ်ကြောင်း ပြည်နယ်ရှေ့နေချုပ်ရုံးက ဧပြီ ၁၀ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ရုံးတင်စစ်ဆေး

ယခုလို မြို့နေပြည်သူ၏ စိတ်ရင်းစေတနာကောင်းထားမှုအပေါ် လိမ်လည် အမြတ်ထုတ်ခြင်းနှင့် ကရုဏာသက်ဝင်အောင် လှည့်ဖြားခြင်းတို့အတွက် သတို့သမီး ဗီဂါအား ဗာဂျင်းနီးယားတွင် ဧပြီ ၃ ရက်က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး နယူးယောက်သို့ တရားခံလွှဲပြောင်းပေးကာ ဂိုရှန်းမြို့ တရားရုံးတွင် ဧပြီ ၆ရက်က စတင် ရုံးတင်စစ်ဆေးခြင်းဖြစ်သည်။

ဗီဂါ၏ လိမ်လည်လှည့်ဖြားခံရသူများတွင် မင်္ဂလာပွဲကျင်းပရာ၌ အဖျော်ယမကာနှင့် စားဖွယ်များ ဒေါ်လာ ၁၀၀၀ ဖိုး အကုန်အကျခံ စိုက်ထုတ်သူနှင့် သတို့သမီးအရံ ခုနစ်ဦးအတွက် ဆံပင်နှင့် မိတ်ကပ်အလှပြင်ပေးသူ စေတနာရှင်တစ်ဦးတို့လည်းပါဝင်ပြီး ဗီဂါ၏ မဟုတ်မဟပ်ဇာတ်လမ်းကို ယုံစားမိကာ အလိမ်ခံခဲ့ကြရသည်။

(အင်တာနက်)

မက္ကဆီကိုနိုင်ငံ မွန်တာရေးမြို့စွန်တွင် အငှားယာဉ်မောင်းသမားရှစ်ဦး ပစ်သတ်ခံရ

မက္ကဆီကိုစီးတီး ဧပြီ ၁၄

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း မြို့တစ်မြို့ဖြစ်သော မွန်တာရေးမြို့ မြို့စွန်တစ်နေရာတွင် အငှားယာဉ်မောင်းရှစ်ဦး သေနတ်ဖြင့်ပစ်ခတ်ခံရသဖြင့် သေဆုံးကြောင်း အင်တာနက်သတင်းတွင် ဧပြီ ၁၂ ရက်က ဖော်ပြသည်။

သေဆုံး

မြို့ဆင်ခြေဖုံးရပ်ဖြစ်သော ဂူဒါလုပီအရပ်ရှိ တက္ကစီယာဉ်ရပ်နားရာနေရာနှစ်နေရာတွင် သီးခြားတိုက်ခိုက်မှုများဖြစ်ပွားသဖြင့် တက္ကစီယာဉ်မောင်းရှစ်ဦး သေဆုံးခဲ့ခြင်းဖြစ်သည်။

ပစ်ခတ်မှုအတွင်း သေဆုံးသူယာဉ်မောင်းများမှာ လိုင်စင်မဲ့ တရားမဝင် မောင်းနှင်နေကြသူများဖြစ်ကြောင်း၊ ယင်းပစ်ခတ်မှု၌ လမ်းသွားလမ်းလာနှစ်ဦးထိခိုက်ဒဏ်ရာရကြောင်း၊ တစ်ဦးမှာ မိန်းကလေးတစ်ဦးဖြစ်ကြောင်း ရဲသတင်းဌာနက ပြောကြားသည်။

အခင်းဖြစ်ပွားခဲ့ရာ မွန်တာရေးမြို့သည် စက်မှုမြို့တော်တစ်မြို့ဖြစ်ပြီး ပြီးခဲ့သည့်နှစ်များအတွင်းက မူးယစ်ဆေးဝါးအကြောင်းခံ အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည့် မြို့တစ်မြို့ဖြစ်သည်။

လက်ရှိအချိန်တွင် ဇီတာလက်နက်ကိုင်အုပ်စုနှင့် ပင်လယ်ကွေ့မူးယစ်ဆေးဝါးဂိုဏ်းများအကြား အမေရိကန်သို့ပေါက်ရောက်သည့် မူးယစ်မှောင်ခိုလမ်းကြောင်းများအား အပိုင်စီးနိုင်ရေး စစ်ခင်းလျက်ရှိရာ မငြိမ်မသက်ဖြစ်နေသော မြို့တစ်မြို့လည်းဖြစ်သည်။

ပြောကြား

ယခုအသတ်ခံရသူတက္ကစီမောင်းသမားများသည် လက်နက်ကိုင်အုပ်စုအတွက် အလုပ်လုပ်ပေးနေကြသူများဖြစ်ဖွယ်ရှိပြီး ဆက်ကြေးသဘောငွေညှစ်တောင်းခံခြင်းကို ငြင်းဆန်ခြင်းကြောင့် ပစ်သတ်ခံရခြင်းဖြစ်ကြောင်း သတင်းထောက်များက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း သင်္ကြန်အမှတ်တရ အခန်းဆက် ဝတ္ထုရှည်(ဇာတ်သိမ်း)

နှလုံးသားထဲက သင်္ကြန်

တက္ကသိုလ်မောင်သူလှိုင်

ယမန်နေ့ကအဆက်

သင်္ကြန်အတက်နေ့. . .။

သင်္ကြန်ရက်များက ကုန်မြန်လွန်းလှသည်။

သည်နှစ်မှာ ယခင်နှစ်တွေကထက် ပို၍ပျော်ရသည်ဟု ပိုင်ထူးဝေခံစားမိသည်။

သည်နှစ်တွင် ရင်ထဲမှ သင်္ကြန်သီချင်းတစ်ပုဒ်ကို ရွေးထုတ်၍ သီကုံးနိုင်ခဲ့သည်။ အကပိုင်လှသော ကိုရီးယားသူလေးနှင့်အတူ ပရိသတ်ကို ဖျော်ဖြေနိုင်ခဲ့သည်။ ပရိသတ်ကလည်း ကိုရီးယားသူလေးကို အကြောင်းပြု၍ တစ်ခဲနက်အားပေးကြပါသည်။

ထို့ကြောင့် ပိုင်ထူးဝေ တစ်ယောက် ကျေနပ်ခဲ့ရသည်။ အားရခဲ့ရသည်။ ကိုရီးယားသူလေးကို အထူးပင် ကျေးဇူးတင်မိသည်။ အမှန်ဆို သင်္ကြန်ကို မကုန်စေချင်သေး။ မိယောင်းနှင့်အတူ သင်္ကြန်ပွဲကို ဆင်နွှဲချင်သေးသည်။ စိတ်တူကိုယ်တူ အနုပညာအပေးအယူမျှသည်မို့ ပျော်ရသည်လေ. . .။ သို့သော် မိယောင်းနှင့် ပတ်သက်လာလျှင် အနုပညာပါရမီဖြည့်ဖက်ဟုပင် ပိုင်ထူးဝေ ခံယူထားသည်။

ဒါကို အိမ့်ဆွေတစ်ယောက် နားလည်နိုင်ပါ့မလား. . .။

သို့ပေမယ့် ကြည့်ပါဦး။ ယခုဆို သင်္ကြန်အတက်နေ့ပင် ရောက်ခဲ့ပြီ။ နှစ်ရက်ရှိပြီ။ အိမ့်ဆွေ မဏ္ဍပ်သို့ ရောက်မလာခဲ့။ အိမ်သို့လည်း လှည့်မလာ။ သူဘာတွေဖြစ်နေသလဲ။ ပိုင်ထူးဝေ ရိပ်မိပါသည်။ သင်္ကြန်အကျနေ့က ရေပက်ခံထွက်စဉ် မိယောင်းနှင့်ဖြစ်စဉ်ကို သူမြင်ခဲ့၍ စိတ်များဆိုးနေလေသလား။ ဒါမှမဟုတ် စိတ်များကောက်နေလေသလား. . .။ သေချာသည်ကတော့ သဝန်တိုနေခြင်းပင်. . .။

နက်ဖြန်ဆို နှစ်ဆန်းတစ်ရက်။ သန်ဘက်ခါဆို မိယောင်းတို့ ကိုရီးယားပြန်ပေတော့မည်။ မိမိ၏အနုပညာအပေါ် ကူညီသူအတွက် ဧည့်ဝတ်ကျေချင်ပါသည်။ မိယောင်းကို အနုပညာ ပါရမီဖြည့်ဖက်အဖြစ် မြင်စေချင်ပါသည်။

"ကိုကို-ဘာတွေစဉ်းစားနေတာလဲဟင်. . .။"

အဆိုခဏနားခိုက် မဏ္ဍပ်နောက်ဘက် စားပွဲလွတ်တစ်ခုတွင် နှစ်ယောက်သား ထိုင်နေကြစဉ် မိယောင်းက မေးလိုက်ခြင်းဖြစ်သည်။

"ဪ-မိယောင်းတို့ သန်ဘက်ခါဆို ပြန်ရတော့မယ်ဆိုတာ တွေးနေလို့ပါ-။"

"ကိုကိုက မိယောင်းကို ပြန်စေချင်ပြီလား-ဟင် ကိုကို-"

"ဘယ် ပြန်စေချင်ပါ့မလဲ မိယောင်းရယ်-ကိုကိုကဆို-မိယောင်းက ကတဲ့ သင်္ကြန်ရက်လေးတွေကို ဘယ်ကုန်ဆုံးစေချင်ပါဦးမှာလဲ- ဒါပေမယ့် အချိန်တန်ရင် အိမ်ပြန်ရမှာပဲ မဟုတ်လား မိယောင်းရယ်-"

မိယောင်းတစ်ယောက် ငြိမ်နေပြီးမှ ခဏအကြာ-

"ကိုကို-မိယောင်းတို့နဲ့ ကိုရီးယားကို လိုက်ခဲ့ပါလားဟင်. . ."

"ဘယ်ဖြစ်မလဲ-ကိုကိုက ဒီမှာ အလုပ်တွေရှိသေးတယ်လေ-"

"ဒါဆို-ကိုကိုက မိယောင်း မြန်မာပြည်မှာအမြဲတမ်းနေမယ်ဆိုရင်ရော လက်ခံမှာလား. . ."

"မိယောင်းကလည်း-ဒါက မဖြစ်နိုင်တာပဲလေ- မိယောင်းမိသားစုနဲ့ မိယောင်းရဲ့အလုပ်က ဟိုမှာရှိနေတာပဲမဟုတ်လား-ဒါပေမယ့် မိယောင်း နေနိုင်ရင်တော့ အမြဲတမ်းလက်ခံမှာပါ-"

မိယောင်းဆီမှ မည်သည့်စကားသံမှ ထွက်မလာခဲ့ပါ။ ဝမ်းနည်းနေ၍များလား. . .။

အရင်နေ့တွေက သူပျော်နေသည်ကို ပိုင်ထူးဝေသတိထားမိပါသည်။ မိမိတို့ မိသားစုအပေါ် ခင်တွယ်နေသည်ကိုလည်း မှန်းဆမိပါသည်။ အနုပညာမိသားစုထဲကို အနုပညာသည်လေးတစ်ဦး ရောက်ရှိစဉ်ခဏ နွေးထွေးမှုအရ သူခံစားပြောဆိုနေခြင်းဖြစ်သည်ကိုလည်း ပိုင်ထူးဝေ သဘောပေါက်လာရပါသည်။ တွေ့ဆုံကြုံကွဲဖြစ်မြဲဓမ္မတာ ဆိုသည်ကိုတော့ ပိုင်ထူးဝေရှင်းမပြချင်တော့ပါ။ ငိုချင်လျက်လက်တို့ဖြစ်မှာကို စိုးမိပါသည်။ နောက်တော့လည်း ပြေပျောက်သွားပေမပေါ့ဟု ပြောလိုက်ချင်ပါသည်။

ယခုတော့ အိမ်ပြန်ချိန်တန်ပြီ။ ည ၁၀ နာရီပင် ကျော်ခဲ့ပြီ။

"မိယောင်း ပြန်ရအောင်လေ" ဟု ပြောတော့ သူအလိုက်သင့်ပင် ထလိုက်လာပါသည်။ သတိထားပြီး ကြည့်လိုက်တော့ သူ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့လေ။

xxxxxxxxxxxx

နှစ်ဆန်းတစ်ရက်နေ့. . .။

သည်နေ့ မနက် မေမေ့ကို မမခင်စောဦးက ခေါင်းလျှော်ပေးမည်ဟု ဆိုကာ ပြင်ဆင်သည်။ မိယောင်းက မမခင်စောဦး ပြင်ဆင်နေသည်ကို အနားက ကူညီသည်။

ပြီးနောက် မေမေ့ကို ခေါင်းလျှော်ပေးနေစဉ် မိယောင်းက မေးသဖြင့် မြန်မာတို့၏ နှစ်ဆန်းတစ်ရက် ကုသိုလ်အကြောင်းတွေကို မမခင်စောဦးက ခေါင်းလျှော်ပေးရင်း ပြောပြနေသည်။

"ဆရာမတို့ မြန်မာတွေဟာ သင်္ကြန်ကာလမှာ နှစ်ဟောင်းက အညစ်အကြေးတွေ သင်္ကြန်ရေနဲ့ ဆေးကြောကြလေ့ရှိတယ်။ အဲဒီနောက် နှစ်ဆန်းတစ်ရက်နေ့ဖြစ်တဲ့ ဒီနေ့မှာတော့ ကုသိုလ်ကောင်းမှုတွေ လုပ်ကြတာပေါ့ကွယ်။ အခုလို လူကြီးသူမတွေကို ခေါင်းလျှော်ပေးတာတွေ၊ ငါးတို့၊ ငှက်တို့စတဲ့ သတ္တဝါလေးတွေရဲ့ အသက်ကို လွှတ်ပေးတာတွေကိုလုပ်ကြတယ်"။

"ဪ ဒီလိုလား" ဟု ဆိုကာ မိယောင်းတစ်ယောက် မြန်မာ့ဓလေ့ကို တအံ့တသြ မှတ်သားနားထောင်နေသည်။

ပြီးမှ မိယောင်းက. . . .

"မေမေ့ကို မမခေါင်းလျှော်ပေးနေတုန်း နောက်ဘက်မှာ ချက်ဖို့သွားပြင်လိုက်ဦးမယ်" ဆိုကာ-

အိမ်နောက်ဘက်သို့ ဝင်သွားသည်။

ဟုတ်ပေသားပဲ။ သည်နေ့ ကိုရီးယား ထမင်းသုပ်လုပ်စားမည်ဟု စီစဉ်ထားသည်လေ. . .။ မိယောင်းတစ်ယောက် ကိုရီးယားထမင်းသုပ်လက်ရာကို အမှတ်တရထားခဲ့ဦးမယ် ထင်ပါရဲ့. . .။မိယောင်း နောက်ဘက်ဝင်သွားတော့ ခင်စောဦးက မေမေ ဒေါ်အိအိထွေး လျှော်ပြီးသော ခေါင်းကို သုတ်ပေးရင်း ပိုင်ထူးဝေနှင့် အိမ့်ဆွေတို့ အခြေအနေကို မေးမိသည်။

"မေးမယ် မေးမယ်နဲ့ မေမေ. . . မောင်လေးနဲ့ အိမ့်ဆွေတို့ရဲ့ အခြေအနေဘယ်လိုလဲ. . ."

"အေး မေမေလည်း အတိအကျတော့မသိဘူး. . . ကလေးမလေး အိမ်ကိုဝင်ထွက်နေတာတော့ ကြာပြီ၊ သူငယ်ချင်းတွေထက်တော့ နည်းနည်းပိုမလားပဲ. . . မေမေလည်း အိမ့်ဆွေကို တစ်ခါတော့ မေးဖူးတယ်။ ချစ်သူတွေတော့ ဖြစ်ဟန်မတူသေးဘူး. . . ဘာဖြစ်လို့ သမီးကမေးတာလဲ. . ."

"ဟိုတစ်နေ့က မိယောင်းက သမီးကို မေးလို့. ."

"ဟုတ်လား ဒါနဲ့ မိယောင်းကရော သားငယ်နဲ့ ဘယ်လိုလဲ. ."

"မိယောင်းက ခင်မင်မိပြီဆိုရင် ရင်းရင်းနှီးနှီး နေတတ်တာရယ်၊ မောင်လေးက ကူညီတတ်တာရယ် ဒီလောက်ပါပဲ-မေမေက ဘယ်လိုမြင်လို့လဲ . . ."

"မိယောင်းက သာမန်ထက် နည်းနည်းပိုနေသလားလို့. . . ."

ခင်စောဦးက ပြုံး၍

"မေမေက မေမေ့သားကို စိုးရိမ်နေပြန်ပြီနဲ့တူတယ်၊ မောင်လေးက စဉ်းစားတတ်ပါတယ် မေမေရဲ့. . ."

မေမေဒေါ်အိအိထွေး၏ စိတ်ပူပန်မှုကို ပြေလျော့စေရန် မမခင်စောဦးက ဖော့၍ ပြောဖြစ်ခဲ့သည်လေ။

အင်း- မေမေဒေါ်အိအိထွေးကတော့ သားအတွက် ပူပန်။ အိမ့်ဆွေကတော့ ပိုင်ထူးဝေအတွက် သဝန်တိုနေပြန်ပါပေါ့လေ. . .။

xxxxxxxxxxxx

ညဘက်တွင် ပိုင်ထူးဝေတို့ မိသားစု ရွှေတိဂုံဘုရားသို့ ဘုရားဖူးထွက်လာခဲ့ကြသည်။

ဧပြီနွေသည် နေ့ဘက်တွင် ပူသလောက် ညဘက်တွင် နေ၍ကောင်းလှသည်။

ဘုရားပေါ်တွင် ဘုရားဖူးများဖြင့် အထူးစည်ကားနေသည်။ နှစ်ဆန်းတစ်ရက်နေ့ညပေမို့ ကုသိုလ်ကောင်းမှုပြုသူများနှင့် အထူးများပြားနေခြင်းဖြစ်သည်။

မေမေနှင့် မမက နေလဘုရားတွင် ဝတ်ပြု၍ ပုတီးစိပ်နေကြစဉ် ပိုင်ထူးဝေနှင့် မိယောင်းတို့က စောင်းတန်းတစ်ခုတွင်ထိုင်ကာ ဘုရားဖူးလာဧည့်သည်များကို ကြည့်ရင်း မေမေနှင့် မမကို စောင့်နေကြသည်။

ပြောရရင် မိယောင်းတစ်ယောက်လည်း တစ်နေကုန် လှုပ်လှုပ်ရှားရှားဖြင့် မောနေပေရော့မည်။ မနက်က တစ်အိမ်လုံးစားဖို့အတွက် ကိုရီးယားထမင်းသုပ်ကို သူလုပ်ကျွေးသည်။ ပြီးတော့ နက်ဖြန် ပြန်ဖို့အတွက် သူပြင်ဆင်သည်။ ညနေဘက် ကန်တော်ကြီး၌ မိသားစု စုပေါင်းငါးလွှတ်ရာတွင် တပျော်တပါး ငါးလွှတ်ခဲ့သည်။ ညပိုင်းတွင် ရွှေတိဂုံဘုရားတက် ကုသိုလ်ယူသည်။

တစ်နေကုန် သွားလာလှုပ်ရှားနေရသော်လည်း မောဟန်မပြ။ မိယောင်းတစ်ယောက် ပျော်နေရှာပါသည်။

"ကိုကို-ဘုရားမှာ လူတွေအများကြီးပဲနော်. . ." သူစကားဆိုလာသည်။

"ဟုတ်တယ်လေ. . . ဒီနေ့က နှစ်ဆန်းတစ်ရက်နေ့ဆိုတော့ ဘုရားဖူးလာတဲ့သူများတယ်လေ. . ."

"မြန်မာတို့ရဲ့ ဓလေ့နဲ့ မြန်မာတို့ရဲ့ နေထိုင်မှုဟန်ပန်တွေဟာ ကိုရီးယားတွေနဲ့ အချို့နေရာတွေမှာ သိပ်တူတာပဲ-ကိုရီးယားမှာ ဆရာမနဲ့ အတူနေတာကြာလာတော့ မြန်မာတို့ရဲ့ လူနေမှုဓလေ့ထုံးစံတွေဟာ ကိုရီးယားတွေနဲ့ သိပ်မကွာတာကို မိယောင်း သိလာရတယ်လေ. . . ဒါကြောင့် ဆရာမကိုလည်း အစ်မတစ်ယောက်လို တွယ်တာမိလာခဲ့ရတာပေါ့"

"ကိုကိုတို့လည်း- မိယောင်းကို မိသားစုဝင်တစ်ယောက်လို တွယ်တာရတာပါပဲ-"

ထိုစကားကြောင့် ပိုင်ထူးဝေကို မိယောင်းလှည့်ကြည့်လိုက်သည်။

"တကယ်ပြောတာလား ကိုကို"

"တကယ်ပေါ့ မိယောင်းရဲ့- မေမေကဆို-မိယောင်းကို သမီးလေးတစ်ယောက်လို ချစ်နေပြီလေ. . .။"

မိယောင်း ကျေနပ်ခဲ့ရပါသည်။ မြန်မာပြည်သို့ တစ်ပြည်သူဧည့်သည်အဖြစ် လာရောက်စဉ်ကာလ ကျေနပ်မှုတွေ၊ ပျော်ရွှင်မှုတွေ၊ ကြည်နူးမှုတွေ၊ ပြီးတော့ အမှတ်တရလေးတွေ အများကြီးရခဲ့ပြီလေ. . .။

xxxxxxxxxxxx

နှစ်ဆန်းနှစ်ရက်နေ့။

မျှော်နေမိပါသည်။

မနေ့ကတည်းက ပိုင်ထူးဝေကို အိမ့်ဆွေ မျှော်နေခဲ့မိပါသည်။

သို့သော် သူရောက်မလာခဲ့ပါ။

သူရောက်မလာခဲ့သည့်အကြောင်းကို မှန်းဆ၍ မရနိုင်သော်လည်း မနေ့က နှစ်ဆန်းတစ်ရက်နေ့ ဖြစ်သည်ကိုတော့ သူ မမေ့တန်ကောင်းပါ။

"ကဲ-အိမ့်-သူ့အိမ်က ဧည့်သည်တွေနဲ့ အလုပ်ရှုပ်နေလို့နေမှာပါဟာ- ဒီနေ့လည်း-မမခင်စောဦးတို့ ကိုရီးယားပြန်မယ်ဆိုတော့ လေဆိပ်လိုက်ပို့နေတာ ဖြစ်မှာပေါ့. . .။"

"ဝါဝါရယ်-သူလာခြင်း မလာခြင်းဟာ အဓိကမကျပါဘူး။ သူ ငါ့ကို မေ့သွားပြီလားဆိုတာကိုပဲ ငါသိချင်တာပါ။ နှစ်ဆန်းတစ်ရက်နေ့မှာ အဖြေပေးမယ်လို့ ပြောထားခဲ့သားပဲ- အဲဒါကိုတော့ သတိရသင့်တာပေါ့ . . . ငါနားလည်ပေးခဲ့တာတွေ များခဲ့ပါပြီလေ . . ."

ဘဝင်မကျသော လေသံဖြင့် အိမ့်ဆွေက ပြောတော့-

"ဘာလဲ နင်က ပိုင်ထူးဝေ တစ်ယောက် ကိုရီးယားသူနောက် တစ်ခါတည်းပါသွားပြီလို့ ထင်နေလို့လား. . ."

"မဟုတ်ပါဘူး ဝါဝါရယ်"

"ဒါဆို ကိုရီးယား ဇာတ်လမ်းတွေထဲကလို မိယောင်းက ပိုင်ထူးဝေကို ရည်းစားစကား စပြောလိုက်ပြီလို့ ထင် လို့လား. ."

"အင်း ဒါလဲ မပြောနိုင်ဘူးလေ"

"ဒါဆို ပိုင်ထူးဝေကို စိတ်ဆိုးနေတာလား. . . ဒါမှမဟုတ် စိတ်ကောက်နေတာလား. . ."

"သူ့ကို စိတ်မဆိုးရက်ပါဘူး ဝါဝါရယ် ငါ့ကိုယ်ငါစိတ်ဆိုးနေမိတာပါ"

"ဘာဖြစ်လို့"

"သူ့ကို ငါ နှစ်ဆန်းတစ်ရက်နေ့အထိ ချိန်းလိုက်မိလို့ပေါ့. . ."

"ငါကဘာများလဲ မှတ်တယ် သွား- အိမ့်စုတ်- အဲဒါနင့်အပြစ်နဲ့နင်ပဲ"ဟု ဆိုကာ ဝါဝါမိုးက သူ့ကို မှီထားသော အိမ့်ဆွေ၏ ခန္ဓာကိုယ်ကို တွန်းဖယ်လိုက်လေသည်။

xxxxxxxxxxxx

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်။

မိယောင်းတို့ ပြန်တော့မည်။

သင်္ကြန်ကာလ အမှတ်တရလေးများစွာကို ရင်ဝယ်ပိုက်ရင်း မိယောင်း မြန်မာပြည်နှင့်အတူ ပိုင်ထူးဝေတို့မိသားစုကို ခွဲခွာရပါတော့မည်။

မြန်မာပြည်နှင့် မြန်မာမိသားစုကို မိယောင်းမခွဲလိုပါ။ အထူးသဖြင့် ကိုကိုပိုင်ထူးဝေကို ခွဲ၍မသွားချင်ပါ။

မိယောင်း၏ နှလုံးသားထဲတွင် သင်္ကြန် အမှတ်တရလေးများနှင့်အတူ ဆုံစည်းခွင့်ရခဲ့သည့် ကိုကိုပိုင်ထူးဝေကို ထားရစ်ပြီး ပြန်မသွားလိုပါ။

မကြာမီ ထိုင်းလေကြောင်းလိုင်းပိုင် တီဂျီလေယာဉ်ကြီး ပေါ်သို့ မိယောင်း တက်ရပါတော့မည်။ ကိုကိုပိုင်ထူးဝေကို မိယောင်းရင်ထဲက ပြောချင်တာတွေ အများကြီးရှိနေသည်။

ပိုင်ထူးဝေသည်လည်း သည်လိုပဲ ရှိလိမ့်မည်ထင်သည်။ ခွဲခွာခါနီး ဝမ်းနည်းစကား မဆိုချင်သဖြင့် ခပ်လှမ်းလှမ်းရှိ ထိုင်ခုံတစ်ခုတွင် ပိုင်ထူးဝေတစ်ယောက်တည်း ထိုင်နေမိသည်။

သို့သော် သူ့အနားသို့ မိယောင်းတစ်ယောက် ပစ္စည်းလေးတစ်ခုကို ကိုင်ရင်း ရောက်လာခဲ့ပါသည်။

"ကိုကို" တဲ့

မိယောင်း ခေါ်လိုက်သည်။

ပိုင်ထူးဝေက ခေါင်းကို မော့ကြည့်ရင်း မိယောင်းကို "ထိုင်လေ" ဟု ပြောကာနေရာပေးလိုက်သည်။

"မိယောင်း မြန်မာပြည်ရောက်တုန်းမှာ အကူအညီတွေပေးခဲ့တာတွေအတွက် အများကြီးကျေးဇူးတင်ပါတယ် ကိုကို"

"ရပါတယ် မိယောင်းရယ်" ဟုသာ ပိုင်ထူးဝေတိုးတိုးညင်သာ ပြန်ပြောဖြစ်သည်။

"ပြီးတော့ ကိုကို မိယောင်း ရင်ထဲမှာ စိုးရိမ်တာတစ်ခု ရှိနေတယ်ကိုကို. . ."

"ပြောလေ မိယောင်း. . ."

"အဲဒါကိုကို မိယောင်းကို မေ့သွားမှာကိုပဲ. . ."

"အမြဲသတိရနေပါမှာ မိယောင်းရယ်"

ပိုင်ထူးဝေအသံက တိုးဝင်သွားသည်။ မိယောင်းက ပိုင်ထူးဝေ၏ ပခုံးကို အသာမှီလိုက်သည်။ မိယောင်း အသံက မထွက်တော့။ ထို့နောက် ရှိုက်သံသဲ့သဲ့နှင့်အတူ မျက်ရည်စတို့ စီးဆင်းလာသည်ကို ပိုင်ထူးဝေ တွေ့လိုက်ရသည်။

ပိုင်ထူးဝေ မိယောင်းကို အသာအယာထူပေးလိုက်ပြီး "တို့တစ်တွေ နောက်တော့ ပြန်တွေ့ကြရဦးမှာပေါ့ မိယောင်းရယ်" ဟု အားပေးစကားဆိုသည်။ မိယောင်းက မျက်ရည်တွေကို သုတ်လိုက်မိပြီးမှ. . .

"ကိုကို"

"ပြောလေ မိယောင်း"

"ကိုကို့ဆီက တစ်ခုတောင်းစရာရှိတယ်-ပေးမှာလားဟင်-"

"မိယောင်း လိုချင်တာတောင်းလေ. . ."

"နှလုံးသားထဲက သင်္ကြန်သီချင်းလေးကို ကိုကို့ဆီက မိယောင်း တောင်းချင်တယ်-အဲဒီသီချင်းထဲက သင်္ကြန်ချစ်သူဟာ မိယောင်းဖြစ်ရင် သိပ်ကောင်းမှာပဲလို့ တစ်ခါတစ်ခါ စဉ်းစားမိတယ်-"

"ပေးပါတယ် မိယောင်း-ပေးပါတယ်-မိယောင်းဟာ ဒီသီချင်းကို အကနဲ့ အကောင်းဆုံးသရုပ်ဖော်ခဲ့တာပဲ-မိယောင်းရသင့်တာပေါ့-"

ပြီးနောက် မိယောင်းကဆက်၍-

"ပြီးတော့- ကိုကို့ကိုလည်း မိယောင်းလက်ဆောင်လေးတစ်ခု ပေးချင်တယ်- အိမ်ကျမှ ဖွင့်ကြည့်နော်. . .။"

ပြောပြောဆိုဆို စက္ကူဘူးငယ်လေးကို လှမ်းပေးလိုက်သည်။ ပြီးနောက်. . .

"သည်ပစ္စည်းလေးကို တစ်သက်လုံး သိမ်းထားရမယ်နော်" တဲ့. . .။

ပိုင်ထူးဝေပြုံး၍ အသာအယာ ခေါင်းညိတ်ပြလိုက်ပါသည်။

မိယောင်းကျေနပ်သွားခဲ့ရပါပြီ။ မိယောင်းမျက်နှာတွင် ပြုံးရိပ်လေးများကို တွေ့လာရပါပြီ။

မမေ့နိုင်သော သင်္ကြန်ကာလ အမှတ်တရပုံရိပ်များ မိယောင်း၏ ရင်ထဲ နှလုံးသားထဲတွင် စွဲထင်ကာ ပါသွားခဲ့ပါပြီ။

ပိုင်ထူးဝေ၏ နှလုံးသားတွင်လည်း သင်္ကြန်၏ အမှတ်တရများစွာ ထင်ကျန်ရစ်ခဲ့ပါပြီ။

အိမ့်ဆွေ၏ နှလုံးသားထဲတွင်လည်း သင်္ကြန်အမှတ်တရများကို မေ့မရနိုင်အောင် ရှိနေပါဦးမည်။

နှလုံးသားထဲတွင် အမှတ်တရများ ကိုယ်စီရှိနေကြသော သူတို့သုံးယောက်အနက် မည်သူတို့သည် သဘောမျှတူ ချစ်သူတွေဖြစ်လာကြလေမည်နည်း။ သုံးသပ်ဆန်းစစ် အဖြေထုတ်နိုင်ကြပါစေကုန်။

စာဖတ်သူများကို ကျေးဇူးတင်လျက်. . .။

မြန်မာ့ရုပ်မြင်သံကြား

(မဟာသင်္ကြန်အကြတ်နေ့)

၁၅-၄-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ နံနက်ခင်းသတင်း
၇:၄၀ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇:၅၅ ခါသင်္ကြန်အဆိုအကများ
၈:၁၀ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၂၀ ဆယ်စုနှစ်ကခါသင်္ကြန်
၈:၄၀ International News

နေ့လယ်ပိုင်း

၁၁:၁၀ ခါသင်္ကြန်အဆိုအကများ
၁၁:၂၀ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀ "**ဖန်တီးမှုရဲ့ လျှို့ဝှက်ချက်**"
၁၁:၅၀ မြန်မာရုပ်ရှင် "**နှလုံးသားမြို့တော်**" နေအောင်၊ ခင်သီတာထွန်း၊ မို့မို့မြင့်အောင်၊ စန္ဒရားခင်နုနု (ဒါရိုက်တာ-မောင်တင်ဦး)
၁၃:၅၀ ခါသင်္ကြန်အဆိုအကများ
၄:၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၄၅ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ခါသင်္ကြန်အဆိုအကများ
၅:၀၀ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ညနေခင်းသတင်း
၆:၁၅ မိုးလေဝသအခြေအနေ
၆:၂၀ ကာတွန်းအစီအစဉ် "**ရေငုပ်သမားလေးအိုလီ**" (အပိုင်း-၃၅)
၈:၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- ခါသင်္ကြန်အဆိုအကများ
- မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်
- မြန်မာဗီဒီယိုဇာတ်လမ်း **မြစ်တစ်စင်းရဲ့ချစ်ခြင်းဖွဲ့ကဗျာ** လွင်မိုး၊ နဝရတ်၊သဇင် (ဒါရိုက်တာ-ကျော်ဇောလင်း)

မြန်မာ့နှစ်ကူး လတန်ခူး ပျော်မြူးဆင်နွှဲ သင်္ကြန်ပွဲ

ပန်းတောင်းသန်းကြွယ်

"ကောင်းကင်မိုးလ၊ စိတြနှင့်
မိဿရာသီ၊ အညီခါကျော်
နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်
ပင်တိုင်းညွှတ်လျက်၊ ပွင့်ဖတ်ဝေဝေ
တောင်လေသုတ်ဖြူး၊ လတန်ခူးကို
မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်
ဆင်ယင်တုပ၊ လွ-ရရှုတည့်။"

(ဦးအောင်ကြီး)

တန်ခူးလသည် မြန်မာတို့၏ ဆယ့်နှစ်လတွင် ပထမဦးဆုံးလဖြစ်သည်။ ပူရှိန်ပြင်းစ နွေဦးကာလလည်း ဖြစ်သည်။ ရေတွင်းရေကန်များ ခန်းခြောက်စပြုချိန်ဖြစ်သည်။ ထို့ကြောင့် ရှေးလူကြီးသူမများက "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဟု ဆိုစမှတ်ပြုကြသည်။

"တန်ခူးမည်မှတ်၊ ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး" ဟူသော ရှေးလင်္ကာအတိုင်း သင်္ကြန်ကာလအနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာတတ်သည်။ သင်္ကြန်လက်ဆေးမိုး၊ သင်္ကြန်မိုးဟု ခေါ်ကြသည်။ သင်္ကြန်မိုးကြောင့် ထွက်သစ်စ ရွက်သစ် ရွက်နု ပုရစ်ဖူးကလေးများ လန်းဆန်းဝေစီလာကြသည်။ သစ်ရွက်သစ်ပင်များ စိုစိုပြည်ပြည် ဖြစ်လာကြသည်။ သင်္ကြန်မိုးနှင့် တန်ခူးနေရှိန်တို့ကြောင့် မြေသင်းရနံ့များ သင်းပျံ့လာလေ့ရှိသည်။ ရှင်အဂ္ဂသမာဓိက ဘုံခန်းပျို့တွင်-

"ခါလည်လုလု၊ ရတုသစ်သစ်
သရစ်ပေါ်ပေါ်၊ သာပျော်ရွှန်းရွှန်း
ကိန်းခန်းသင့်မော၊ ရွက်ရင့်လျှော၍
ရွက်လျှောနုလွန်၊ ရွက်သစ်ပြန်တည်
ပန်းမာလ်ငုံကင်း၊ သုတ်လေညင်းနှင့်
မြေသင်းနံ့နံ့၊ တပျံ့ပျူးပျူး
မင်းလွင်မြူးလျက်၊ တန်ခူးလည်းကုန်
လကဆုန်သည်၊ ပဇ္ဇုန်ရိုက်မည်၊ ချန်းချန်းတည်း"

ဟု တန်ခူးကာလ မြေသင်းရနံ့ သင်းပျံ့ပုံကို ဖွဲ့ဆိုခဲ့သည်။

တန်ခူးဟုရေးသားသုံးစွဲခြင်းကို ပုဂံခေတ်ကပင် စတင်သုံးစွဲခဲ့သည်။ အင်းဝခေတ်၌မူ တန်းခူးဟု ရေးသားကြသည်။ တန်းသည် ထန်းဟုအဓိပ္ပာယ်ရပြီး ခူးမှာ ခူးဆွတ်ခြင်းဖြစ်သည်။ ထို့ကြောင့် တန်ခူးဟူသည်မှာ ထန်းခူးသောလ၊ ထန်းသီးဆွတ်ခြွေသောလဟု မြန်မာလအမည်များကျမ်းက ဆိုလေသည်။

တန်ခူးကို တာကူးဟုလည်း ရေးသားကြသည်။ မိန်ရာသီမှ မိဿရာသီသို့ သင်္ကြန်အတာကူးသောကြောင့် တာကူးလဟုဆိုရကြောင်း အချို့ဆရာတို့က ညွှန်ပြကြသည်။ အချို့ပညာရှင်တို့ကမူ ထိုတာကူး၏အဓိပ္ပာယ်ကို အာသီဖြဟ္မာမင်း၏ ဦးခေါင်းကို နတ်သမီးခုနစ်ယောက် တစ်နှစ်ကိုတစ်ယောက်ကျ တာဝန်ယူရသည်ကို အစွဲပြုကာ တာ၊ အတာဟူသော ဝေါဟာရဖြစ်ပေါ်လာကာ နှစ်ကုန်၍ နတ်သမီးတစ်ယောက်မှ နောက်တစ်ယောက်သို့ တာဝန်လွှဲပြောင်းပေးသည်ကို တာကူး၊ အတာကူးဟုခေါ်ကြောင်း ယူဆကြသည်။

ဆရာကြီး ဦးဖိုးလတ်ကမူ တန်ခူးလ၌ မည်သည့်ရာသီဥတု၊ ရတုတစ်ခုမျှ ကူးပြောင်းခြင်းမရှိဘဲ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းသာရှိသောကြောင့် တာကူး၊ အတာကူးဟူသည်မှာ "နှစ်ကူး"ဟုသာ အဓိပ္ပာယ်ရကြောင်း ညွှန်ပြလေသည်။

တန်ခူးလတွင် ၂၉ ရက်သာရှိသည်။ ရက်မစုံလ ဖြစ်သည်။ နာရီအားဖြင့် နေ့ ၃၀ နာရီ၊ ညဥ့် ၃၀ နာရီရှိသည်။ နေ့တာညတာ တူညီသောလဖြစ်သည်။ စက်နာရီအရ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သည်။ ရာသီအလိုအားဖြင့် မိဿရာသီဖြစ်သည်။ ဤလတွင် စိတြနက္ခတ်နှင့် စန်းယှဉ်ပြည့်ကာ အာသာဝတီနက္ခတ်နှင့် နေမင်းတို့ယှဉ်ကြသည်။ ရာသီရုပ်မှာ ဆိတ်သတ္တဝါ၏ပုံဖြစ်သည်။ တံငါတာရာထွန်းပပြီး တန်ခူးလ၏ပွဲတော်မှာ သင်္ကြန်ပွဲဖြစ်သည်။ ရာသီပန်းများမှာ ကံ့ကော်၊ ရင်ခတ်နှင့် ပိတောက်ပန်းတို့ဖြစ်ကြသည်။

ပိတောက်ပန်းမှာ ပေါ်လွင်ထင်ရှားပြီး သင်္ကြန်ပန်းဟုလည်း ခေါ်ကြသည်။ ခမ်းနားလွန်းသဖြင့် "လမ်းတစ်လျှောက် သင်းပါဘိ၊ ဆန်းသလောက် မလင်းနိုင်ဘူး၊ ပန်းပိတောက်မင်း"ဟူ၍ စာဆိုတော်ကြီး ဦးကြော့က ဖော်ညွှန်းဂုဏ်ပြုခဲ့သည်။ ခေတ်စမ်းကဗျာဆရာကြီး ဇော်ဂျီကလည်း မြန်မာ့သင်္ကြန်ကို "ဒါနက တဝေဝေ၊ ရေတွေက တရွှဲရွှဲ"ဟု တင်စားရေးဖွဲ့ခဲ့သည်။ ကြည်နူးနှစ်သက်ဖွယ် အတာသင်္ကြန်နှင့် ဒါနကောင်းမှုများ တွဲဖက်ပြုလုပ်ကြပုံကို ရည်ညွှန်းဖွဲ့ဆိုခဲ့ခြင်းဖြစ်သည်။

လူမျိုးအသီးသီးတို့သည် မိမိတို့ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်အညီ နှစ်သစ်ကူးပွဲတော်များ ကျင်းပကြသည်။ နှစ်သစ်နှစ်ဆန်းကို ဝမ်းမြောက်ပျော်ရွှင်စွာ ကြိုဆိုကြသည်။ အဟောင်းမှ အသစ်သို့ ကူးပြောင်းခြင်းသည် ကောင်းသောမင်္ဂလာဖြစ်သောကြောင့် နှစ်သစ်ကူးခြင်းကို မင်္ဂလာဟု လူမျိုးတိုင်းက လက်ခံယုံကြည်ကြသည်။

မြန်မာတို့၏ နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းချိန်တွင် တာသင်္ကြန် ရေသဘင်ပွဲတော်ကို ကျင်းပကြသည်။ သင်္ကြန်ဟူသည် "သင်္ကြာန္တ" ဟူသော သက္ကတပုဒ်မှလည်းကောင်း၊ "သင်္ကန္တ" ဟူသော ပါဠိမှလည်းကောင်း ဆင်းသက်လာခြင်းဖြစ်သည်ဟု ယူဆကြသည်။ နှစ်ပုဒ်လုံးမှာ ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရလေသည်။

အချို့ပညာရှင်များက "ခေါင်းဆေးသင်္ကြန်၊ ကောင်းညွှန့်လှန်၊ မကျန်စေ့စုံစွာ" ဟူသော ကဝိလက္ခဏာ သတ်ပုံလင်္ကာနှင့်အညီ ကောင်းခြင်းမင်္ဂလာ ကြန်အင်လက္ခဏာ တိုးပွားစေရန် သုတ်သင်ဆေးကြောခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်းကို သင်္ကြန်ဟု ခေါ်ဆိုကြောင်း ယူဆကြသည်။ နှစ်သစ်မင်္ဂလာအခါတော်တွင် မြန်မာတို့ ပျော်ရွှင်ကြည်နူးစွာ ရေပက်ကစားခြင်းသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်း၊ ရေကိုသား၍ အကြားမထင်ခြင်းဟူသော ရေနိမိတ်သုံးပါးကို ယူခြင်းဖြစ်သည်။ မြန်မာပြည်သူအများ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေသည့်သဘော၊ နှစ်ဟောင်းက အညစ်အကြေးများကို ဆေးကြောသန့်စင်သည့်သဘော၊ တိုင်းရင်းသားပြည်သူများအားလုံး ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ရှိစေခြင်းသဘောဟု မွန်မြတ်သောရည်ရွယ်ချက်များဖြင့် သင်္ကြန်ပွဲတော်ကို နွှဲပျော်ခြင်းဖြစ်ကြောင်း နှောင်းခေတ်ပညာရှင်တို့က ယူဆကြသည်။

မြန်မာတို့၏ သင်္ကြန်ပွဲတော်ကို အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့၊ အတက်နေ့ဟူ၍ သတ်မှတ်ကျင်းပလေ့ရှိသည်။ အကြတ်နေ့ နှစ်ရက်ဖြစ်သောနှစ်တွင် သင်္ကြန်ပွဲတော်ကာလ ရှည်လျားပြီး ငါးရက်ထိ ကြာမြင့်သည်။ သင်္ကြန်ပွဲပြီးနောက် တစ်ရက်ကို နှစ်ဆန်းတစ်ရက်နေ့ဟု သတ်မှတ်ကြသည်။ နှစ်ဆန်းတစ်ရက်နေ့၊ နှစ်သစ်ကူးနေ့ကို မင်္ဂလာရှိသော နေ့ထူးနေ့မြတ်အဖြစ် လက်ခံယုံကြည်ကာ မင်္ဂလာရှိသော ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။ သင်္ကြန်ပွဲတော်ကာလတွင် ပျော်ရွှင်ကြည်နူးဖွယ်ကောင်းသော ရေစင်ပက်ဖျန်းကစားခြင်း၊ အိုးစည်ဒိုးပတ် ရိုးရာဂီတဝိုင်းများဖြင့် လှည့်ပတ်သွားလာကခုန်သီကြူးခြင်း၊ သင်္ကြန်မဏ္ဍပ်ကြီးများ ခမ်းနားထည်ဝါစွာ ဆောက်လုပ်၍ ယိမ်းအကများဖြင့် ကပြအသုံးတော်ခံခြင်း၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသော မြန်မာ့ရိုးရာစားစရာများကို တပျော်တပါး စုပေါင်းပြုလုပ်ကာ မျှဝေစားသုံးခြင်း၊ လမ်းတွင်း ရပ်ကွက်တွင်းသို့ ပေးဝေလှူဒါန်းခြင်းများကို ပြုလုပ်ကြသည်။ ထို့ပြင် ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မရိပ်သာများ၊ ဓမ္မာရုံများသို့ သွားရောက်ကာ သီတင်းသီလဆောက်တည်ခြင်း၊ တရားဘာဝနာများပွားများခြင်း၊ တရားနာခြင်း၊ တရားဓမ္မများဆွေးနွေးခြင်း၊ ဒုလ္လဘရဟန်းခံခြင်း၊ ရှင်သာမဏေပြုခြင်း စသော အလှူအတန်းကုသိုလ်ကောင်းမှုများကို မိမိတို့စေတနာအလျောက် ကျင်းပကြသည်။

နှစ်ဆန်းတစ်ရက်နေ့၌မူ ဘုန်းတော်ကြီးများပင့်ဖိတ်၍ နှစ်ဦးဆွမ်းကျွေးခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များနာကြားခြင်း၊ အမျှအတန်းပေးဝေခြင်း၊ မေတ္တာပို့ခြင်း၊ သက်ကြီးပူဇော်ပွဲများကျင်းပခြင်း၊ လူကြီးမိဘများ၊ ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေး စသော ဆွေစဉ်မျိုးဆက် အကြီးအကဲများအား ကန်တော့ခြင်း၊ လက်သည်းခြေသည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ စားသောက်ဖွယ်ရာများ၊ လူမှုအသုံးအဆောင်ပစ္စည်းများဖြင့် တတ်အားသမျှ လှူဒါန်းပူဇော်ကြသည်။ လူကြီးမိဘများကလည်း မိမိတို့သားသမီး မြေးမြစ်ဆွေမျိုးသားချင်းများအား ကောင်းမြတ်သောဆုများ ပေးကြသည်။ မင်္ဂလာတရားတော်နှင့်အညီ ပြုမူကျင့်ကြံနေထိုင်သွားကြရန် မှာကြားဆုံးမကြသည်။

ကမ္ဘာမှာ မြန်မာဟု ဆိုစမှတ်ပြုရလောက်သည်အထိ မြန်မာတို့၏ရိုးရာသင်္ကြန်ပွဲတော်မှာ ကောင်းမြတ်သော ထူးခြားမှုများ ပြည့်ဝလျက်ရှိသည်။ မြန်မာ့ယဉ်ကျေးမှုကို ပီပြင်စွာဖော်ကျူးနိုင်သော ချစ်စဖွယ် မြန်မာရနံ့များ ထုံမွှမ်းလျက်ရှိသည့် တန်ခူးကာလအခါသမယသည်ကား ပျော်ရွှင်ကြည်နူးဖွယ်၊ နှစ်သက်မြတ်နိုးဖွယ် မင်္ဂလာအပေါင်း ခညောင်းသည့် နှစ်ဦးနှစ်စပင်ဖြစ်ရာ ရှေ့အဖို့တွင် စိတ်သစ် လူသစ်အားမာန်သစ်ဖြင့် မိမိတို့ဘဝများ ချမ်းမြေ့သာယာစွာ တည်ဆောက်ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပေသည်။ ။

မန္တလေးသင်္ကြန် စည်ကားသိုက်မြိုက်စွာ ဆက်လက်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

ယနေ့ မဟာသင်္ကြန်အကြတ်နေ့တွင် နိုင်ငံတစ်ဝန်းလုံး၏ သင်္ကြန်အတာရေသဘင်ပွဲကို ခြိမ့်ခြိမ့်သည်း ကျင်းပလျက်ရှိသကဲ့သို့ မန္တလေးမြို့၌လည်း စည်ကားသိုက်မြိုက်စွာ ဆင်နွှဲလျက်ရှိသည်။

နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ဇနီး ဒေါ်မြတ်ငွေနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် မန္တလေးနန်းမြို့ ကျုံးပတ်ပတ်လည်ရှိ သင်္ကြန်ရေကစားမဏ္ဍပ်တို့သို့ လှည့်လည်သွားရောက်၍ တေးဂီတအဖွဲ့များနှင့်တွဲဖက်ပြီး ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များ၏ ဖျော်ဖြေမှုများ၊ သင်္ကြန်လှပျိုဖြူများ၏ အကဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေး၍ ပါဝင်ရေကစားကြသည်။

အမရပူရမြို့နယ်ရှိ တောင်သမန်အင်း မယ်ဇယ်ပင်တန်းနှင့် ဦးပိန်တံတားတို့သို့ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များနှင့် စက်ဘီးများဖြင့် လာရောက်အေးရိပ်ခို အပန်းဖြေအနားယူသူများ၊ ရေပက်ခံသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဥပုသ်သီတင်းသီလစောင့်ထိန်းကာ ဒါနသီလ ဘာဝနာတရားအားထုတ်သူများကိုလည်း ကြည်ညိုစွာတွေ့ရသည်။

ထို့အပြင် အမရပူရမြို့နယ်အတွင်းမှ သင်္ကြန်ရေကစားမဏ္ဍပ်များမှလည်း သင်္ကြန်တေးသီချင်းများကို အဆို၊အကများဖြင့် ပျော်ရွှင်စွာ ဖျော်ဖြေတင်ဆက်ကြရာ ရေပက်ခံသူများ၊ ရေကစားကြသူများနှင့် အထူးစည်ကားလျက်ရှိကာ မုန့်လုံးရေပေါ်နှင့် အချိုရည်များ စတုဒိသာ ကျွေးမွေးဧည့်ခံလျက်လည်းရှိသည်။

ညနေပိုင်းတွင် ကျုံးပတ်ပတ်လည်ရှိ ဌာနဆိုင်ရာ သင်္ကြန်ရေကစားမဏ္ဍပ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ သင်္ကြန်ရေကစားမဏ္ဍပ်များ၌ ခေတ်ပေါ်တေးဂီတအဖွဲ့များနှင့် တွဲဖက်၍ သင်္ကြန်အကအဖွဲ့များ၊ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များက သင်္ကြန်အကတို့ဖြင့် ခေတ်ပေါ်တေး၊ သင်္ကြန်တေးသီချင်းများကို ဖျော်ဖြေကြရာ ရေကစားကြသူများဖြင့် အထူးစည်ကားလှပြီး ပျော်ရွှင်စွာ ရေကစားကြသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်က ပြိုင်ပွဲဝင်သင်္ကြန် အလှပြယာဉ်များကို စိစစ်အကဲဖြတ်လျက်ရှိသည်။

(သတင်းစဉ်)



ကပြဖျော်ဖြေ

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၂ ရက်က သာကေတမြို့နယ် ဧရာဝဏ်လမ်း (ကျောက်တိုင်ထိပ်) ခရိုင်သင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၌ကျင်းပစဉ်။

(ဝ၂ဝ)

မော်လမြိုင်ကျွန်းသင်္ကြန် စည်ကားပျော်ရွှင်စွာ ရေသဘင်ပွဲဆင်နွှဲ

မော်လမြိုင်ကျွန်း ဧပြီ ၁၄

မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို သင်္ကြန်အကြိုနေ့မှ စတင်၍ ပြည်သူများ ပါဝင်ဆင်နွှဲပျော်ရွှင်စွာရေကစားကြရာ ယနေ့တွင် သင်္ကြန်အကျနေ့ကထက် ရေပက်ခံထွက်သူများ၊ ရေကစားသူများဖြင့် အထူးစည်ကားလှသည်။ **(အောက်ပုံ)**

မြို့နယ်အတွင်းရှိ လမ်းမကြီးများတစ်လျှောက် သင်္ကြန်အကြတ်နေ့ နံနက် ၇ နာရီမှစတင်ပြီး ရေကစားသူများက သဲသဲမဲမဲ ရေပက်ကစားကြရာ ခြေကျင်ခရီးအစုအဖွဲ့အလိုက် ရေပက်ခံထွက်သူများ၊ စက်ဘီးဖြင့် မြို့ပေါ်အနှံ့ ရေပက်ခံထွက်သူများနှင့် ရေကစားမဏ္ဍပ်များရှေ့တွင် ပျော်ရွှင်မြူးထူးကခုန်သူများဖြင့် စည်ကားလှသည်။

ယခုနှစ် မော်လမြိုင်ကျွန်းသင်္ကြန်မှာ စည်ကားလှသဖြင့် အနီးပတ်ဝန်းကျင်မြို့နယ်များဖြစ်သော ဘိုကလေး၊ ဝါးခယ်မ၊ ကျုံမငေး၊ ရေလဲကလေး၊ ရွှေတောင်မှော်၊ လှိုင်းတာနှင့်မအူပင်မြို့များမှ ရေကစားသူများပါ လာရောက်ကြသဖြင့် အထူးစည်ကားလှကြောင်း သိရှိရသည်။ **(ဝ၆၅)**

ယခုနှစ်သင်္ကြန်ကာလ ရုပ်/သံလိုင်းများ အောင်မြင်မှုရရှိ

ရန်ကုန် ဧပြီ ၁၄

ယခုနှစ် မဟာသင်္ကြန်ကာလများအတွင်း ရုပ်မြင်သံကြားအစီအစဉ်များ၏ တိုက်ရိုက်ထုတ်လွှင့်ပြသမှုများကြောင့် ရုပ်/သံ အစီအစဉ် ကြည့်ရှုသူဦးရေမှာ ယခင်နှစ်သင်္ကြန်ရက်များထက် များပြားလာခဲ့ကြောင်း သိရှိရသည်။

"အရင်က သင်္ကြန်ဆိုရင် သင်္ကြန်မိုး ရုပ်ရှင်ဇာတ်ကားတစ်ခုပဲ ကြည့်စရာရှိတယ်။ မြန်မာ့ရုပ်မြင်သံကြားကနေ ထုတ်လွှင့်ပေးတာပါ။ အခုတော့ သင်္ကြန်ရက်တွေမှာ တိုက်ရိုက်ထုတ်လွှင့်တဲ့အစီအစဉ်တွေကို ပုဂ္ဂလိကရုပ်/သံလိုင်းတွေကနေ ထုတ်လွှင့်တဲ့အတွက် ကြည့်ရှုသူတွေ အားရကျေနပ်ကြတယ်။ အနယ်နယ်အရပ်ရပ်မှာ Skynet ဖွင့်ထားတဲ့ အသံတွေကိုပဲ ကြားရတယ်"ဟု သီးသန့်ရုပ်မြင်သံကြားလိုင်း တပ်ဆင်ထားသူအချို့က ဆိုသည်။

ကြည့်ရှုသူများပြား

ယခုနှစ်သင်္ကြန်ရက်အတွင်း ယခင်နှစ်များနှင့်မတူဘဲ မြန်မာနိုင်ငံအရပ်ရပ်မှ သင်္ကြန်ရေကစားနေမှုများ၊ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို တိုက်ရိုက်တင်ဆက်ပြသမှုများကြောင့် ကြည့်ရှုသူများပြားလာလျက်ရှိကာ သင်္ကြန်နှင့် ပတ်သက်သည့်သတင်းများကို ဖော်ပြလျက်ရှိခြင်းကြောင့်လည်း ရန်ကုန်မြို့ရှိ လက်ဖက်ရည်ဆိုင်များနှင့် တပ်ဆင်ထားသည့်အိမ်များက အချိန်ပြည့်အစီအစဉ်များဖွင့်ကာ ကြည့်ရှုလျက်ရှိကြသည်။

"သင်္ကြန်ရက်တွေမှာ ဂျာနယ်တွေလည်းပိတ်တယ်။ သတင်းစာတွေလည်း အလှည့်နဲ့ပိတ်တာနဲ့။ သင်္ကြန်ဆိုရင် ပို့ချိန် နောက်ကျတာနဲ့ဆိုတော့ ရုပ်မြင်သံကြားလိုင်းတွေကို ပိုပြီးကြည့်ရှုလာကြတာပါ။ ရုံးပိတ်ရက်လည်းဖြစ်တော့ အပြင်မထွက်ချင်တဲ့ လူလတ်ပိုင်းတွေက Free to air Channel တွေရော၊ Skynet တို့လို ပုဂ္ဂလိက Channel တွေကိုပါ ပိုပြီးအားပေးလာတာဖြစ်တယ်"ဟု သင်္ကြန်ပိတ်ရက်နားနီး Skynet ရုပ်သံလိုင်းများကို ဝယ်ယူတပ်ဆင် ကြည့်ရှုသူတစ်ဦးက ပြောပြသည်။

ယခုနှစ် သင်္ကြန်ရက်များအတွင်း MRTV-4 (Free to air) နှင့် Skynet ရုပ်/သံအစီအစဉ်များမှ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များနှင့် သင်္ကြန်မြင်ကွင်းများမှာ ကြည့်ရှုသူများစွာအား စိတ်ဝင်စားဖွယ်အကောင်းဆုံး တင်ဆက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်မှုရရှိခဲ့ကြောင်း မြင်တွေ့ရသည်။

(ခင်ရတနာ)

မဟာသင်္ကြန်အကြတ်နေ့တွင် ရန်ကုန်မြို့၌ သင်္ကြန်ချစ်သူပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆက်လက်ဆင်နွှဲ

ရန်ကုန် ဧပြီ ၁၄

ယနေ့သည် ၁၃၇၃ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ သင်္ကြန်ချစ်သူပြည်သူများသည် အတာရေသဘင်ပွဲကိုအေးချမ်းပျော်ရွှင်စွာဆက်လက်ဆင်နွှဲကြသည်။

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မဏ္ဍပ်၌ နံနက်ပိုင်းတွင် ယိမ်းအဖွဲ့ (၁၅)ဖွဲ့နှင့် မွန်းလွဲပိုင်းတွင် ယိမ်းအဖွဲ့(၁၇)ဖွဲ့တို့က အဆို၊ အကများဖြင့် လည်းကောင်း၊ ညပိုင်းတွင် အနုပညာလွင်ပြင် အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်သည်ကို တွေ့ရသည်။ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များကလည်း မိသားစုအလိုက် ရန်ကုန်မြို့တော်ဝန်ရေကစားမဏ္ဍပ်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အလုံမြို့နယ်ရှိ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မိသားစုရေသဘင်မဏ္ဍပ်၌ ဝန်ထမ်းမိသားစုယိမ်းအဖွဲ့များက ဖျော်ဖြေတင်ဆက်ကြပြီး ရုပ်ရှင်သရုပ်ဆောင် အိန္ဒြေဝင့်ထည်၊ တေးသံရှင်များ ဖြစ်ကြသော ကျော်သူရဟိန်း၊ အေးချမ်းမြေ့၊ အိမ်ချစ်သူ၊ ဖူးဖူးဇွန်၊ သော်တာချမ်းမြေ့၊ မီးမီးရွှေစင်နှင့် ခိုင်မြဲသာတို့က တေးဂီတအဖွဲ့နှင့် တွဲဖက်ကာ ရေကစားလာ ပြည်သူများအား တေးသံသာများဖြင့် ဖျော်ဖြေကြသည်။

ထို့အတူပြည်လမ်း အင်းလျားကန်အနီး၌ အဲယားပုဂံ၊ Alpine နှင့် Channel V ရေကစားမဏ္ဍပ်တို့၌ လည်းကောင်း၊ ကန်တော်ကြီး ကန်ပတ်လမ်း၌ ရွှေပိတောက်၊ နှင်းပိတောက်၊ တော်ဝင်၊ တောက်ပနေသောကြယ်၊ မိုးတိမ်ကဗျာ၊ လတန်ခူး၊ တန်ခူးလေ၊ သူရဲကောင်းများ ရွှေသင်္ကြန်၊ ရွှေငုဝါ၊ ပိတောက်ချစ်သူ၊ နွေပိတောက်၊ နွေဦးချစ်သူ၊ ဧပရယ်ပိတောက်၊ ပိတောက်ရိပ်၊ ရွှေဝါ၊ မင်္ဂလာသင်္ကြန်၊ငွေပိတောက်၊ နှစ်သစ်ပိတောက်၊ ဒီသင်္ကြန်၊ ပိတောက်ဝါ၊ ပိတောက်ရွှေဝါ ရေကစားမဏ္ဍပ်များ၌ လည်းကောင်း ရေပက်ကြသူများ၊ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် ရေပက်ခံကြသူများ တိုးမပေါက်အောင် အထူးစည်ကားလျက်ရှိသည်။ ရေကစားမဏ္ဍပ်များ၌ အနုပညာရှင်များက အဆိုအကများဖြင့် ဖျော်ဖြေရာ သင်္ကြန်ချစ်ပြည်သူများကလည်း ရေကစားရင်း လိုက်ပါသီဆိုအားပေးကြသည်။

ရန်ကုန်မြို့တွင်း မြို့နယ်များရှိလမ်းအလိုက်၊ ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ပွဲတော် ပျော်ရွှင်စွာ ဆင်နွှဲသူများ အထူးစည်ကားများပြားသကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင်ကိုယ်စားပြုရေကစားမဏ္ဍပ်များ၌လည်း ဖျော်ဖြေရေး အစီအစဉ်များနှင့်အတူ ပြည်သူများက ပျော်ရွှင်ချမ်းမြေ့စွာ အတာရေသဘင်ပွဲကို ဆင်နွှဲလျက်ရှိကြသည်။ သက်ဆိုင်ရာတာဝန်ရှိသူများကလည်း ပျော်မြူးရင်း အန္တရာယ်မဖြစ်စေရေးအတွက် လိုက်လံကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

မဟာသင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရေကစားမဏ္ဍပ်တွင် ရေပက်ကစားသူများ၊ ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

ရေပက်ခံထွက်ကြသူများ၊ ရေပက်ခံကားများသည် မွန်းလွဲပိုင်းတွင် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်၊ ကန်တော်ကြီး၊ အင်းလျားကန်၊ ကန်တော်မင်္ဂလာပန်းခြံ၊ ပြည်သူ့ဥယျာဉ်၊ဗိုလ်ချုပ်ပန်းခြံ၊ ကရဝိက်ဥယျာဉ်တို့၌ သွားရောက်အပန်းဖြေအနားယူကြသည်။

မဟာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲသူများပြားသကဲ့သို့ ဘုရားကျောင်းကန်၊ မွေးရုံဇရပ်များ၌ ဥပုသ်သီတင်းသီလ ဆောက်တည်သူများ၊ တရားစခန်းများ၌တရားအားထုတ်ကြသူလူကြီး၊ လူငယ်များ အထူးများပြားသည်ကိုလည်း တွေ့ရပြီး ရပ်ကွက်အလိုက်၊ လမ်းအလိုက်၊ တစ်ဦးချင်းရောအဖွဲ့လိုက်ပါ စတုဒိသာကျွေးမွေးလှူဒါန်းမှုများ နေ့စဉ်ရှိသည်ကို တွေ့မြင်ရသည်။

(သတင်းစဉ်)

စည်ကား

မဟာသင်္ကြန် အကြတ်နေ့က ရန်ကုန်မြို့ ကန်တော်ကြီး ကန်ပတ်လမ်းတွင် ရေပက်ကစားသူများ၊ ရေပက်ခံကားများဖြင့် စည်ကားလျက်ရှိစဉ်။ (သတင်းစဉ်)

အကြတ်နေ့ မြင်ကွင်းစုံလင် အတာရေသဘင်

သတင်းထောက်
တင်ဝင်းလေး(ကြည့်မြင်တိုင်)
စုစည်းတင်ပြသည်

သည်ယနေ့ မဟာသင်္ကြန်ပထမအကြတ်နေ့။

ခရီးစဉ်ကိုကြည့်မြင်တိုင်မှသည် ဗဟန်းမြို့နယ်အတွင်းဆီသို့ လှမ်းခဲ့သည်။

အရှေ့ရွှေဂုံတိုင်လမ်းမကြီးအပေါ် (တာမွေလမ်းဆုံအနီး)ရေပက်စင်မြင့်ကြီး လေးစင်ကိုကပ်လျက်တစ်တန်းတည်းတွေ့လိုက်ရသည်။ခေတ်သီချင်းများကို ဆူညံနေအောင် အပြိုင်အဆိုင်ဖွင့်၍ရေပက်သူတို့ကပက်၍၊ ကခုန်သူတို့ကမမောစတမ်းကခုန်နေကြသည်။ ရေပက်ခံကားပေါ်မှ သူများကလည်း စင်ပေါ်မှသူများနှင့် အပြိုင်အော်ဟစ်ကခုန်နေကြသည်။

ရေပက်ခံကားတန်းကြီးက အဆက်ပြတ်သည်ဟူ၍မရှိ၊ ရေပက်ခံရန်ရှည်လျားစွာတန်းစီစောင့်ဆိုင်းနေကြသည်။ လမ်းဆုံအထိအောင်ပင် တောက်လျှောက်ရှိနေသည်။ဟွန်းသံ၊ ဖလင်လိပ်မှုတ်သံတို့ဖြင့် ဆူညံနေသည်။ ကလေး၊ လူငယ်၊ လူကြီး အရွယ်သုံးပါးစလုံး ပါဝင်ဆင်နွှဲနေကြသည်။

ကျိုက္ကဆံရပ်ကွက် အနောက်မြင်းပြိုင်ကွင်းအနီး၌လည်း လမ်းတစ်လျှောက် မဏ္ဍပ်ငယ်လေးများရှိနေသည်။ အချို့ကမိမိတို့အိမ်ရှေ့တွင်ပင် ရေကန်ငယ် ရေတိုင်ကီများချကာ ရေပိုက်၊ ရေခွက်ကိုယ်စီဖြင့် ပက်နေကြသည်။ငယ်ရွယ်သူတို့ပျော်သည့်ပွဲပေမို့ ဖက်ရှင်ဒီဇိုင်းက အမျိုးမျိုးစုံလှသည်။

ဦးချစ်မောင်လမ်းအရောက်တွင် ရေပက်မဏ္ဍပ်များရှိရာ တစ်လျှောက် ကားလမ်းတစ်ခြမ်းလုံး ရေပက်ခံကားများနှင့်ပြည့်နေသည်။

ရေပက်ခံ ကားတန်းကြီးပေါ်မှ လူငယ်တစ်စု၊ ဆံပင်ကို ဆေးရောင်စုံဆိုး၍ အချွန်အတက်များပြုလုပ်ကာ မိုးထိအောင် ထောင်ထားကြသည်။ ဆံပင်အစစ်လေလား၊ အတုလေလား တော့မသိ။ လူကြီးများ မျက်စိထဲ အံဝင်ခွင်ကျတော့ရှိမည် မဟုတ်ချေ။ သို့သော် ဒါလည်း သင်္ကြန်ဖက်ရှင်တစ်ခုအဖြစ်မှတ်တမ်းတင်ခဲ့ပါသည်။

မြန်မာနိုင်ငံ ဗဟိုဘဏ်ကြီးအနီး၊ ဆရာစံလမ်းထိပ်၌ သင်္ကြန်မဏ္ဍပ်တစ်ခုရှိနေသည်။ နေရာကောင်းတစ်ခုတွင် တည်ဆောက်ထားခြင်းကြောင့် လမ်းမပေါ်တွင် ကြည့်သူများဖြင့် စည်ကားနေသည့် မြင်ကွင်းတစ်ရပ်ဖြစ်သည်။

တက္ကသိုလ်ရိပ်သာ လမ်းသစ်နှင့် ဆရာစံလမ်းထောင့်ရှိ မဏ္ဍပ်ဒီဇိုင်းပုံစံက ခပ်ဆန်းဆန်းဖြစ်သည်။ D.R.G ဟု အမည်ပေးထားသည်။ လုံခြုံရေးအားကောင်းပုံရသည်။ ရေပက်သူ ရေပက်ခံသူတို့ စည်းကမ်းတကျစနစ်တကျရှိလှသည်။ ခပ်လှမ်းလှမ်း၌ မြန်မာအမည်ဖြင့် မဏ္ဍပ်လေးတစ်ခု။ ပေးထားသည့်အမည်က "အကောင်းဆုံးအနုပညာ ရေကစားမဏ္ဍပ်" ဟု ညွှန်းထားသည်။ နုနယ်ပျိုမျစ်သော မိန်းမပျိုလေးများဖြင့် လူငယ်လေးများ အကြိုက်တွေ့နေကြသည်။

ထိုမှ ကမ္ဘာအေးစေတီလမ်းမကြီးဆီသို့ လှမ်းလာခဲ့သည်။ လမ်းကျယ်ကြီးကို နှစ်လမ်းမောင်းစနစ်မှ မြောက်မှ တောင်သို့သာ တစ်လမ်းမောင်းစနစ်ဖြင့် ယာဉ်ကြောဖွင့်ထားသည်။ သို့တိုင်အောင် ရေပက်ခံယာဉ်များက တိုးမပေါက်သာ၊ တစ်ဘီးချင်း လှိမ့်နေကြရသည်။ မဏ္ဍပ်တစ်ခုမှတစ်ခုသို့ရောက်ဖို့ အချိန်အတော်ပေးကြရသည်။

လမ်းတစ်လျှောက် မဏ္ဍပ်ကြီးများက အင်းလျားကန်ကိုကျောပြု၍ ရေကိုရယူထားကြသည်။ ရေပိုက်ကြီးမှသည် ရေပိုက်ငယ်များသို့ ဖြန့်ဝေ၍ ပက်ကြသည်။ စင်အောက်မှ ရေပက်ခံသူတို့က မဖြုံရေးချ မဖြုံ၊ စင်မြင့်ပေါ်မှ ရေပက်သူမိန်းကလေးများကို လှမ်းနောက်ပြောင်နေသည့်မြင်ကွင်းကလည်း ကြည့်နေသူအားလုံးဆီသို့ အပျော်အငွေ့များ စီးဝင်စေခဲ့သည်။

ကမ္ဘာအေးစေတီလမ်းတစ်လျှောက်သည်အတိုင်းသာ ဆက်လျှောက်နေလို့ကတော့ မသက်သာလှပေ။ မဏ္ဍပ်နှစ်ခု၊ သုံးခုလောက်ကိုသာလိုက်၍ မှတ်တမ်းတင်ခဲ့သည်။ မဏ္ဍပ်တိုင်း၌ ခေတ်ပြိုင်အဆိုတော်များဖြင့် အားဖြည့်ထားကြသည်။

ယခုနှစ်သင်္ကြန်တွင် ကားအို၊ ကားဟောင်း ပြန်လည်အပ်နှံရေးအချိန်နှင့်ကြုံကြိုက်နေသည့်အတွက် လမ်းမများပေါ်တွင် ယခင်နှစ်များကကဲ့သို့ ရေပက်ခံဂျစ်ကား၊ ဟိုင်းလတ်ကားများကို မမြင်ရသလောက်ရှားသွားပြီဖြစ်သည်။

ယခုနှစ် သင်္ကြန်လည်ကြသူများအသုံးပြုများလာသည်မှာ Lite Ace၊ Town Ace၊ Light Truck ကားအရှည်များသာဖြစ်သည်။ ကားငှားရမ်းခများကလည်း မသေးလှပါ။ ယခုလိုကြားရက်များတွင်မူ နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ကားတစ်စီးလျှင် ငွေကျပ် ၁၂၀၀၀၀ မှ ငွေကျပ် ၁၃၀၀၀၀ ဈေးရှိနေသည်။ နောက်ဆုံး အတက်နေ့တွင် တစ်ရက်တည်းအတွက် ကားတစ်စီးလျှင် ငွေကျပ် ၁၅၀၀၀၀ အထိ ဈေးရှိနေကြောင်း Light Truck အဖြူလေးမောင်းနေသူ ကိုနိုင်အောင်က ပြောပြ၍ သိရသည်။

ရေပက်မဏ္ဍပ်များရှိရာ လမ်းတစ်လျှောက်တွင် အဖျော်ယမကာ ရောင်းသူများ အများအပြားရှိနေသည်။ သင်္ကြန်ရက်အတွင်း လက်လုပ်လက်စားဈေးသည်လေးများ အတော်အလုပ်ဖြစ်ကြသည်။ မဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်အနီး ကြက်ကြော်၊ ငုံးကြော်၊ အာလူးကြော်နှင့် သရက်သီးစိတ်ရောင်းသူတို့စီးပွားဖြစ်ကြသည်။ အာလူးကြော်ရောင်းသည့် မိန်းကလေးတစ်ဦးက "ဒီရက်အတွင်းတစ်နေ့ ငွေကျပ်၂၀၀၀၀၊ ၃၀၀၀၀လောက် အမြတ်ကျန်တယ်" ဟုဆိုသည်။ ဒံပေါက်ဆိုင်ကြီးတိုင်းတွင် ဝယ်သူများပြည့်နေသည်။ အလွယ်ကူဆုံးစားစရာ တစ်ခုဖြစ်သည်။

ညနေ ၆နာရီခန့်တွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် (ရွှေလိပ်ပြာ) သို့ အလှပြသံချပ်ကားကြီးတစ်စီး ဝင်ရောက်လာသည့်အတွက် ဆင်း၍ အားပေးခဲ့သည်။ သုဝဏ္ဏမြို့နယ်မှ ထွက်သော ကိုကျော်ကျော်ထွန်း (မဟူရာ)ဦးစီးသည့် "ကလေးစကား၏ ကျွန်ုပ်တို့သည်" သံချပ်အလှပြကားတစ်စီးဖြစ်သည်။

ယခင်တစ်ခေတ်တစ်ခါက ရေပန်းစားခဲ့သော ပြည်တော်ချစ် မင်းသားကြီး၊ ဘုရားမကြိုက်တဲ့ လူတစ်စု၊ ပြည်သူ့တရားသျှင်စသည့် အက၊ အလှ၊ ဟာသ၊ သဘာဝ၊ သံချပ်အဖွဲ့များသန္ဓေတည်ခဲ့ရာနောင်တော်ကြီးများအား လာရောက်ဂါရဝပြုဖျော်ဖြေခြင်းဖြစ်သည်။ခေတ်၊ စနစ်ကို မီးမောင်းထိုးပြသော သံချပ်များဖြင့် ပရိသတ်အကြိုက် တွေ့စေခဲ့သည်။

ထိုသံချပ်ကားမှ နာယကတစ်ဦးဖြစ်သည့် မိတ်ဆွေ ဦးသိန်းဦးက "သံချပ်ဆိုတာလိုအပ်နေတဲ့အကြောင်းအရာကိစ္စလေးတွေကို သိအောင်၊ မြင်အောင်၊ဖော်ပြပေးကြတာပါ။ အပြစ်အနေနဲ့ ထောက်ပြပြောဆိုတာ မဟုတ်ပါဘူး။ တကယ်လည်း ရှိသင့်ပါတယ်။ဒီထက်ပိုမိုပြီးခွင့်ပြုပေးမယ်ဆိုပြည်သူတွေအတွက်၊ နိုင်ငံတော်အတွက် အကောင်းလက္ခဏာတွေပါ" ဟု ဆိုခဲ့သည်ကို တင်ပြလျက် ယနေ့သင်္ကြန် အကြတ်နေ့ (ပထမနေ့) မြင်ကွင်းများကို ဖော်ပြလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

သင်္ကြန် အကြတ်နေ့က မရမ်းကုန်းမြို့နယ် ရေကစားမဏ္ဍပ်ရှေ့လမ်းမပေါ်၌ လမ်းလုံးပြည့် ရေပက်ခံကားများ။

ယခုနှစ် သင်္ကြန်ဆံပင်ဒီဇိုင်းနှင့် ခေတ်လူငယ်များ။



သင်္ကြန်အကြတ်နေ့က လသာမြို့နယ် ရေကစားမဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေပက်ကစားကြသူများနှင့် ရေပက်ခံကားများကို ဤသို့တွေ့ရသည်။

သင်္ကြန်အကြတ်နေ့က ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းတစ်လျှောက် ရေကစားသူများနှင့် ရေပက်ခံထွက်ကားများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ရေသဘင်ပွဲ အမြို့မြို့အနယ်နယ်တွင် ပျော်ရွှင်စွာဆင်နွှဲ

သင်္ကြန်အကြတ်နေ့က အနော်ရထာလမ်းတစ်လျှောက် ရေပက်ခံထွက်သူများ များပြားလျက်ရှိရာ တိုးမပေါက်အောင် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့မြင်ရသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန်အကြတ်နေ့က ရေပက်ခံကားများ ကမ္ဘာအေးစေတီလမ်းတစ်လျှောက် လမ်းလုံးပြည့်မျှ စည်ကားများပြားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန် အကြတ်နေ့က ကုန်သည်လမ်းနှင့် ဗန္ဓုလလမ်းကြား၌ ရေပက်ခံထွက်လာကြသည့်ကားများ ပြည့်ကျပ်လျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန်အကြတ်နေ့က ဆရာစံလမ်းထိပ် သင်္ကြန်မင်းသားရေကစားမဏ္ဍပ်တွင် ပြည်သူများ ဤသို့ ရေပက်ကစားသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ဖျော်ဖြေတင်ဆက်မည့် အလှပြယာဉ်များကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန် အကြတ်နေ့က ဗိုလ်တထောင်မြို့နယ်ရှိ ရေကစားမဏ္ဍပ်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဤသို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။ (ဓာတ်ပုံ-တင်စိုး)

သင်္ကြန်အကြတ်နေ့က ကြည့်မြင်တိုင်မြို့နယ်အတွင်း သံချပ်အလှပြယာဉ်တစ်စီး လှည့်လည်ဖျော်ဖြေတင်ဆက်မှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

ခန္တီးခရိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဧပြီ ၁၀ ရက် နံနက်ပိုင်းက ခန္တီးမြို့၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆက်သွယ်ရေးတာဝါတိုင် ဆောက်လုပ်နေမှု၊ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဆောက်လုပ်မည့် မြေနေရာနှင့် မြို့သစ်လမ်းဖောက်လုပ်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သန်းတို့က ဒေသဆိုင်ရာများကို တင်ပြကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကိုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ခန္တီးမြို့ ချင်းတွင်းမြစ် ရေထိန်းနံရံကြံ့ခိုင်မှု၊ ချင်းတွင်းမြစ် ရေစီး ရေလာကောင်းမွန်ရေး ဆောင်ရွက်ထားမှုနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးကျောင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးဘုရား သာသနာ့ဗိမာန်တော် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အခမဲ့တပ်ဆင်ပေး

ဧပြီ ၁၀ ရက်က မော်လမြိုင်ကျွန်းမြို့တွင် အဖြူရောင်နှလုံးသားအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဇင်နှင့် အဖွဲ့ဝင်များ နှစ်သစ်ကူးစကၠူဒါနအဖြစ် မျက်စိဝေဒနာရှင်များကို မျက်မှန်အခမဲ့တပ်ဆင်ပေးကြစဉ်။

(မြန်မာ့အလင်း)

မူခင်းအသိပညာပေးဟောပြော

ထန်းတပင် ဧပြီ ၁၄

ထန်းတပင်မြို့နယ် ဇရပ်ကြီးရဲစခန်းနယ်မြေ ဇရပ်ကြီးကျေးရွာအုပ်စုအတွင်း မူခင်းများမဖြစ်ပွားရေးအတွက် ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ မူခင်းကင်းမဲ့လအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇရပ်ကြီးကျေးရွာအုပ်စု အင်ကြင်းသာကျေးရွာအမက၅ ကျောင်း၌ ကျင်းပသည်။ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ဝေ ၊ဒုတိယမြို့နယ်တရားသူကြီး ဦးရွှေမြင့်အောင်တို့ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

အုတ်တွင်း ဧပြီ ၁၄

အုတ်တွင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အဆင့်(၂)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်း အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီခွဲက ကျွဲပွဲကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ကျော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးစောနိုင်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြို့နယ်လဝက)**

အခွန်ဆိုင်ရာကိစ္စများ ရှင်းလင်း

ကောလင်း ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်မည့် အခွန်စည်းကြပ်မှုဆိုင်ရာ ပြောင်းလဲမှုများနှင့် ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီခွဲက ကောလင်းမြို့နယ် ဇာတိမာန်ခန်းမ၌ကျင်းပရာ ကောလင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနောင်က အမှာစကားပြောကြားပြီး ကောလင်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမင်းနွယ်က ပြင်ဆင်ပြဋ္ဌာန်းလိုက်သော အခွန်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်ကြော်ငြာစာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များနှင့် ကုမ္ပဏီ၊ သမဝါယမ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ မြို့နယ်အခွန်ဦးစီးဌာနမှူးက တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရှိရသည်။ **(ဝ၃၈)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

သတင်းမှတ်စုနှင့် ဓာတ်ပုံ အိမွန်ဆွေ

မပြုပြင်မီက ပခန်းကြီး ရှေးဟောင်းကျောင်းတော်ကြီး

မြန်မာ့ရှေးဟောင်းအမွေ ပခန်းမြေ

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းရှိ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင် သရက္ခန်စည်သူရှင်ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပလျက်ရှိရာ ယခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဧရာဝတီတံတား (ပခုက္ကူ)ကိုတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခုနှစ် ဘုရားပွဲသည် ယခင်နှစ်များထက် ပိုမိုစည်ကားလျက်ရှိကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

စည်သူရှင်ဘုရားပွဲတွင် သရက္ခန်စည်သူရှင်ဘုရား၊ ရှင်မတောင်ဘုရား၊ ဆင်ကြို့ရွှေဂူဘုရား၊ မြတ်ပေါင်းမဉ္ဇူဘုရားနှင့် ဒက္ခိဏသာခါဘုရားငါးဆူတို့ကို တစ်နေရာတည်း ဖူးတွေ့နိုင်မည်ဖြစ်သည်။ ထို့အပြင် သမိုင်းဝင် ပခန်းကြီးကျောင်းတော် (ဝန်မင်းကြီးကျောင်း)နှင့် ပခန်းငယ်ကျောင်းတော် (စိန်စီကျောင်း)တို့၏ ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများကိုလည်း လေ့လာနိုင်သောကြောင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ နှစ်စဉ်လာရောက်ကြသည်ကိုလည်း တွေ့ရသည်။

အဆိုပါ ပခန်းကြီးကျောင်းတော်ကြီးကို မင်းတုန်းမင်းလက်ထက်က ကျီဝန်မင်းဦးဘိုးတုတ်မှ ၁၈၆၈ မှ ၁၈၇၀ ခုနှစ်အထိ နှစ်နှစ်ကြာတည်ဆောက်ခဲ့ရသည်။ ထိုကျောင်းတော်ကြီးကို ကျီဝန်မင်း၏ငယ်ဆရာတော် ဦးဂုဏအားလှူဒါန်းခဲ့သည်။ ကျီဝန်မင်းသည် ကျောင်းတော်ကြီးဆောက်လုပ်ရန် မင်းတုန်းမင်း၏ခွင့်ပြုမိန့်ဖြင့် ဘုရင်ပိုင် အရာတော်သစ်ကွင်းများမှ တိုင်လုံးပတ် ၆ ပေမှ ၇ ပေခွဲအထိရှိသော နံ့သာဖြူ နံ့သာနီတိုင်နှင့်ကျွန်းတိုင်ပေါင်း ၂၅၄ တိုင်ရယူ၍ ဆောက်လုပ်ခဲ့သည်။ ပခန်းကြီးကျောင်းတော်ကြီးနှင့် ပခန်းငယ်ကျောင်းတော်ကြီးကို မန္တလေးရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်က တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပခန်းငယ်စိန်စီကျောင်းတော်ကြီးကို ၁၈၆၄ ခုနှစ်က ပခန်းဝန်မင်း ဦးရန်ဝေးက ငယ်ဆရာတော်အားရည်စူး၍ ဆောက်လုပ်ခဲ့ရာ ခုနစ်နှစ်ကြာမြင့်သည်ဟုသိရသည်။ ပခန်းငယ်ကျောင်းတော်ကြီးကို ကျွန်းတိုင်လုံးပေါင်း ၃၃၂ တိုင်ဖြင့် တည်ဆောက်၍ အမြင့်မှာ ပေ ၇၀ ခန့်ရှိသည်။ ကျွန်းတိုင်လုံးကြီး၏ လုံးပတ်မှာ ၆ ပေ ၄ လက်မမှ ၆ ပေ ၈ လက်မအထိရှိသည်။ ရှေးက ဤကျောင်းတော်ကြီးတွင် စာသင်သားရဟန်းသံဃာတော်အပါး ၁၆၀ ခန့်သီတင်းသုံးခဲ့သည်ဟုလည်း သိရသည်။

ထို့ကြောင့် ထိုခေတ်အခါကပင် တန်ဖိုးကြီးမား၍ ခံ့ညားထည်ဝါခဲ့သော ကျောင်းတော်ကြီးများသည် ယခုခေတ်အခါတွင် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းကျောင်းတော်ကြီးများအဖြစ်တည်ရှိနေသည်။ ပခန်းကျောင်းတော်ကြီးများသည် နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်၍ ပျက်စီးယိုယွင်းလာသည်ကို နိုင်ငံတော်အစိုးရမှ ထိန်းသိမ်းစောင့်ရှောက်ထားသဖြင့် ယနေ့တိုင်ခိုင်ခံ့စွာ တည်ရှိနေခြင်းဖြစ်သည်။

ထိုကဲ့သို့ပင် ရှေးဟောင်းပခန်းငယ် စိန်စီကျောင်းတော်ကြီး၏ ပြိုကျယိုင်လဲနေသော တိုင် ၃၁၃ တိုင်ကို တည့်မတ်စိုက်ထူခြင်း၊ ကျောင်းတော်ကြီးကိုယ်ထည် ခိုင်ခံ့ရန်တည်ဆောက်ခြင်း၊ အုတ်လှေကားများ ပြန်လည်ပြုပြင်ခြင်း၊ တိုင် ၁၉ တိုင် အစားထိုးခြင်းတို့ဖြင့် ပြန်လည်ပြုပြင်ထိန်းသိမ်းပေးခဲ့သည်။

ဤကဲ့သို့နိုင်ငံတော်အစိုးရက ပြုပြင်ထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့သဖြင့် ရှေးဟောင်းကျောင်းတော်ကြီးများကို ယနေ့တိုင် ရှေးဟောင်းအနုပညာလက်ရာမပျက် လေ့လာနိုင်သည်ကိုလည်း တွေ့မြင်ခဲ့ရပါကြောင်း။ ။

ပြုပြင်ပြီး ပခန်းကြီး ကျောင်းတော်ကြီး

သင်္ကြန်ညနေခင်းနှင့် နီယွန်မီးအလှများ

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်မြို့ရှိ ရေကစားမဏ္ဍပ်ကြီးများ၌ ညနေခင်းအချိန်များတွင် ရေကစားသူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မီးအလှဆင်ခြင်းလုပ်ငန်းများအား တွင်ကျယ်စွာ လုပ်ကိုင်လာကြကြောင်း တွေ့ရှိရသည်။

"ဒီနှစ်က မဏ္ဍပ်တွေမှာ Lighting ပိုင်းကို အားထည့်လုပ်ထားကြတယ်။ မဏ္ဍပ်တိုင်းက ဆလိုက်တွေကို အလုံး ၂၀ ကနေ အလုံး ၅၀ ကျော်အထိ သုံးကြတယ်။ အဓိက ကတော့ Dancing Floor တွေမှာ တပ်ဆင်ကြတာပါ။ **(ယာပုံ)** ၄အားရမ်းခ အနေနဲ့တစ်လုံးကို ကျပ်ရှစ်သောင်းကနေ လေးသိန်းကျပ်အထိ ပေးကြရတယ်" ဟု မဏ္ဍပ်တည်ဆောက်သူတစ်ဦးက ပြောပြသည်။

" ဒီနှစ်မှာ ရေပက်ချင်တဲ့သူထက် ရေကစားမဏ္ဍပ်စင်မြင့်ပေါ် (Dancing Floor) တွေမှာ သူငယ်ချင်းတွေနဲ့ DJ man တွေရဲ့ သီချင်းသစ်တွေနဲ့ ကချင်ကြတာ ပိုများတယ်။ ဖျော်ဖြေရေးမဏ္ဍပ်တွေကလည်း ဖျော်ဖြေရေး အစီအစဉ်တွေကြောင့် ဆလိုက်တွေကို အားကုန်သုံးကြတယ်။

မီးအလှဆင်တာတွေက ညဘက်ဖျော်ဖြေရေး အစီအစဉ်တွေရှိတဲ့ မဏ္ဍပ်တွေမှာ အများဆုံးသုံးကြပါတယ်။ ငွေကျပ်သိန်း ၃၀ ကနေ ငွေကျပ်သိန်း ၁၀၀ အထိ Lighting နဲ့ ပတ်သက်ပြီး သုံးစွဲကြတယ်" ဟု ဖျော်ဖြေရေးအစီအစဉ်များ ပါရှိသည့် Naing Group ရေကစားမဏ္ဍပ်ရှိ တာဝန်ခံတစ်ဦးက ပြောပြသည်။

(သွန်းဝဿန်)

မြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဧပြီ ၁၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှ အပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဇော်ဦးခိုင် - ရေးသားသည်

စကြဝဠာမဟာပေါက်ကွဲမှု သီအိုရီဖော်ထုတ်ခဲ့သူ စတီဗင်ဟော့ခ်ကင်းနှင့် ရူပဗေဒပညာရှင်ကြီး အဲလ်ဘတ်အိုင်စတိုင်းတို့အား တုယှဉ်နိုင်မည့် လေးနှစ်သမီးပညာပါရမီရှင် ဘရိန်းနီဟိုင်ဒီဟန်ကင်း

ဝင်ချက်စတာ ဧပြီ ၁၄

သိပ္ပံပညာရှင်ကြီး စတီဗင်ဟော့ခ်ကင်းနှင့် ရူပဗေဒပညာရှင်ကြီး အဲလ်ဘတ်အိုင်စတိုင်းတို့၏ဉာဏ်ရည်ကို တုယှဉ်နိုင်သူ လေးတစ်ဦးအဖြစ် လေးနှစ်သမီးလေး ဘရိန်းနီဟိုင်ဒီဟန်ကင်းကို ဗြိတိန်ရှိ Mensa (IQ-ဉာဏ်ရည်အတိုင်းအတာဆန်းစစ်စစ်ဆေးရေးအဖွဲ့အစည်း)က အသိအမှတ်ပြုလိုက်ပြီဖြစ်သည်။

ကျောင်းပင်မနေရသေးသည့် ဟိုင်ဒီလေး၏ ဉာဏ်ပညာပါရမီကြီးရင့်ပုံကို မူကြိုဆရာ ဆရာမများ၏ ချီးကျူးပြောဆိုမှုများအရ Mensa အဖွဲ့က လာရောက်စမ်းသပ်ခဲ့ခြင်းဖြစ်သည်။

အံ့သြဖွယ်ယူဖွယ်

ထိုအဖွဲ့၏ IQ (ဉာဏ်ရည်အတိုင်းအတာ) စမ်းသပ်မှုများအရ ဟိုင်ဒီလေး၏ IQ ရမှတ်မှာ အံ့သြဖွယ်ယူဖွယ် ၁၅၉ မှတ်အထိရရှိခဲ့သည်။ စကြဝဠာမဟာပေါက်ကွဲမှု သီအိုရီအားဖော်ထုတ်ခဲ့သူ စတီဗင်ဟော့ခ်ကင်းနှင့် ရီလေတီပသီသီအိုရီ၏ဖခင်ကြီး အဲဘတ်အိုင်စတိုင်းတို့၏ IQ ရမှတ်မှာ ၁၆၀ စီရှိနေသဖြင့် ထိုပါရမီရှင်ကြီး နှစ်ဦးတို့ထက် တစ်မှတ်သာလျော့နည်းသည့် ဉာဏ်ကြီးရှင်ကလေးမလေးဖြစ်သည်။

လေးနှစ်သမီး ပညာပါရမီရှင် ဘရိန်းနီဟိုင်ဒီဟန်ကင်း

ရရှိနိုင်ကြ

လူလတ်ပိုင်းအရွယ်တို့၏ IQ ရမှတ်သည် ပျမ်းမျှ ၁၀၀ တွင်သာရှိပြီး ထက်မြက်သည့် ဉာဏ်ပညာအထုံပါသူများတွင် IQ ရမှတ် ၁၃၀ အထိ ရရှိနိုင်ကြသည်။

ဟိုင်ဒီသည် အသက် ၁၈လ အရွယ်ကတည်းက သင်္ချာသာကွန်ပျူတာ အကူအညီဖြင့် စာဖတ်တတ်ခဲ့သူလေးဖြစ်ကြောင်း၊ စကားသံစထွက်သည့်အရွယ်ရောက်ပြီး မကြာမတင်မှာပင် စကားအပြည့်အဝ ပြောတတ်ခဲ့သူလေးလည်းဖြစ်ကြောင်း ကလေးမလေး၏ ဖခင်ဖြစ်သူက ပြောကြားခဲ့သည်။

တတ်ကျွမ်း

ဗြိတိန်နိုင်ငံ ဟန့်ပြည်နယ် ဝင်ချက်စတာမြို့တွင် နေထိုင်လျက်ရှိသူ ဟိုင်ဒီလေးသည် ယခုအချိန်တွင် အပေါင်း၊ အနုတ်နှင့် ပုံရေးဆွဲခြင်း၊ စာသားဝါကျအပြည့်အစုံ ရေးခြင်းတို့ကိုလည်း တတ်ကျွမ်းနေပြီဖြစ်သည်။

Mensa အဖွဲ့က ဟိုင်ဒီလေး၏ ဉာဏ်ရည်သည် အရွယ်ရောက်လာသည့်အခါ၌လည်း ပြောင်းလဲသွားဖွယ်မရှိကြောင်း၊ အဖွဲ့၏ စမ်းသပ်မှုများက ဟိုင်ဒီလေး၏ ဉာဏ်ရည်အတိုင်းအတာရမှတ် ၁၅၉ မှတ်အထိ ရရှိသဖြင့် အံ့သြဖွယ်ယူမိကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

တောင်အမေရိကတောင်ဘက်စွန်း ပါတာဂိုနီးယားဒေသ၌ ငှက်အသွင်ဒိုင်နိုဆောမျိုးစိတ်ရုပ်ကြွင်း ရှာဖွေတွေ့ရှိ

လန်ဒန် ဧပြီ ၁၄

နှစ်သန်းပေါင်း ၇၀အလွန်က ဒိုင်နိုဆောမျိုးစိတ်တစ်မျိုး၏ဥများနှင့် အရိုးစုရုပ်ကြွင်းများကို တောင်အမေရိကတောင်ဘက်စွန်းပိုင်းရှိ ပါတာဂိုနီးယားဒေသတွင် တွေ့ရှိခဲ့ကြောင်း သိပ္ပံပညာရှင်များက ဧပြီ ၁၃ ရက်တွင်ပြောကြားသည်။

၎င်းငှက်ရုပ်ကြွင်းများသည် ငှက်အသွင်ရှိပြီး မပျံနိုင်သော ဒိုင်နိုဆောမျိုးစိတ်တစ်မျိုး၏ ရုပ်ကြွင်းများဖြစ်ကြောင်း၊ ယခုဥများကိုတွေ့ရှိခြင်းသည် ၎င်း ဒိုင်နိုဆောမျိုးစိတ်တို့ မည်သို့မျိုးစပ်ပြန့်ပွားလာသည်ကို လေ့လာနိုင်မည်ဖြစ်ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ပြောကြားသည်။ **(အပေါ်ပုံ)**

ထိုအပြင် ဆင့်ကဲဖြစ်စဉ်သဘောအရ ဒိုင်နိုဆောသတ္တဝါများမှ ငှက်များအဖြစ်သို့ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာမှုကိုလည်း လေ့လာဖြေရှင်းနိုင်မည်ဖြစ်သည်ဟု ပညာရှင်များက မျှော်မှန်းထားသည်။

ယခုတွေ့ရှိသော ငှက်အသွင်ဒိုင်နိုဆောအရိုးစုနှင့်ဥများတွင် တချို့ဥများသည် မိခင်ဒိုင်နိုဆောသေဆုံးစဉ် ဝမ်းတွင်း၌ပင်ရှိနေခဲ့သော ဥများဖြစ်ဖွယ်ရှိပြီး တချို့ဥများကို အရိုးစုများ၏ အနီးနားတွင်တွေ့ရှိခြင်းဖြစ်သည်။

ရှာဖွေတွေ့ရှိခဲ့သော ယခုငှက်အသွင် ဒိုင်နိုဆောမျိုးစိတ်သစ်မှာ ခန္ဓာကိုယ်သေးငယ်ပြီး ခြေတံရှည်ကာ သွားလာမှုလျင်မြန်သော အဲလ်ဗာရိဇ်ဆောရိဒ် ဒိုင်နိုဆောမျိုးနွယ်ဝင်ဖြစ်ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်များက ဆိုသည်။

ငှက်အသွင်ဒိုင်နိုဆောမျိုးစိတ်များနှင့် လက်ရှိခေတ်ငှက်များ ဆင့်ကဲဆက်စပ်ပြောင်းလဲဖြစ်ပေါ်လာခဲ့သည်ဟူသော အတွေးအခေါ်ကို ယခင်ကအငြင်းပွားမှုများရှိနေသော်လည်း ကျောက်ဖြစ်ရုပ်ကြွင်းပညာရှင်ဖာနန်ဒိုနိုဗာ့စ်က ယခုတွေ့ရှိထားသော ရုပ်ကြွင်းအစုသည် ပါတာဂိုနီးယားဒေသမျိုးရင်း လက်ရှိခေတ် မပျံနိုင်သော Rhea ငှက်မျိုးအုပ်စုဝင် Nandu ငှက်မျိုးစိတ်တို့၏ အရိုးတည်ဆောက်ပုံနှင့် ဆင်တူမှုရှိသည်ဟု အခိုင်အမာပြောကြားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံ့သိက္ခာကျဆင်းစေသည့် ပြန်ပေးဆွဲမှုများ

သတင်းမှတ်စု - တိုး

ပြန်ပေးဆွဲမှု၊ ပြန်ပေးဆွဲထားသူဓားစာခံများကို ပြန်လွှတ်ပေးမှုတို့ဖြင့် နိုင်ငံတကာသတင်းစာမျက်နှာများတွင် ယခုတလောနေရာယူလာသည့် နိုင်ငံနှစ်နိုင်ငံမှာ လက်တင်အမေရိကမှ ဗင်နီဇွဲလားနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့ပင်ဖြစ်သည်။

ပြန်ပေးဆွဲမှုသတင်းတွင် ဗင်နီဇွဲလားနိုင်ငံ ကရာကပ်မြို့တော်၌ ပြန်ပေးဆွဲခံခဲ့ရသူ ကော့စတာရီကာသံတမန်တစ်ဦးကို ဗင်နီဇွဲလားရဲတပ်ဖွဲ့ဝင်များက ရှာဖွေနေကြောင်း ဖော်ပြထားသည်။ ကော့စတာရီကာသံရုံးမှ ကုန်သွယ်ရေးသံမှူး ဂူလာမိုချိုလီမီကို ကရာကပ်မြို့တော်ရှိ သူ၏နေအိမ်အပြင်ဘက် မော်တော်ကားအတွင်းမှ လွန်ခဲ့သည့်ငါးရက်က ပြန်ပေးဆွဲသွားခြင်းဖြစ်သည်။ သူ့အားငွေဖြင့် ရွေးယူရမည်ဟုလည်း ပြန်ပေးဆွဲသူတို့က တောင်းဆိုထားသည်။

ဗင်နီဇွဲလားနိုင်ငံ၌ နိုင်ငံခြားသံတမန်များကို ပြန်ပေးဆွဲသည်မှာ ယခုအကြိမ်သည် မကြာမီလများအတွင်း၌ တတိယမြောက် ပြန်ပေးဆွဲခြင်းဖြစ်သည်။ ဇန်နဝါရီလအတွင်းက ဗင်နီဇွဲလားနိုင်ငံဆိုင်ရာ မက္ကဆီကို သံအမတ်ကြီး ကာလို့စ်ပူဂျာတီနှင့် ဇနီးတို့ကို ကရာကပ်မြို့တော်၌ပင် ပြန်ပေးဆွဲပြီး မကြာမီအချိန်အတွင်း ပြန်လွှတ်ပေးခဲ့သည်။ လွန်ခဲ့သည့် နိုဝင်ဘာလအတွင်းကလည်း ကရာကပ်မြို့တော်မှ ချီလီကောင်စစ်ဝန်ကို ပြန်ပေးဆွဲပြီးနောက် ၎င်းအားပြန်ပေးဆွဲသူတို့က ရိုက်နှက်သည့်အပြင် ပြန်မလွှတ်မီ ခြေထောက်ကို သေနတ်ဖြင့်ပစ်ခဲ့ကြောင်း သိရသည်။

ထိပ်မှပြေးနေ

ဗင်နီဇွဲလားနိုင်ငံသည် လက်တင်အမေရိကတွင် လူသတ်မှုနှုန်းအမြင့်ဆုံးနိုင်ငံဖြစ်ပြီး မက္ကဆီကိုနိုင်ငံထက် လူသတ်မှုနှုန်း လေးဆပိုများသည်။ ထို့ပြင် လက်တင်အမေရိက၌ ပြန်ပေးဆွဲမှုတွင် ထိပ်မှပြေးနေသည်ဆို၏။

ပြန်ပေးဆွဲသူများကို ပြန်လွှတ်ပေးနေသည့် ကိုလံဘီယာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုကင်းအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး လက်တင်အမေရိက၌ ပြည်တွင်းစစ်သက်တမ်း အရှည်ဆုံး ရင်ဆိုင်နေရသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။

အခြားသော လက်တင်အမေရိကနိုင်ငံ အများအပြားနည်းတူ ကိုလံဘီယာနိုင်ငံတွင်လည်း အစဉ်အဆက်ချမ်းသာလာသည့် စပိန်နွယ်မိသားစုများက တစ်ဖက်၊ ဆင်းရဲသည့် ကိုလံဘီယာလူများစုတို့ကတစ်ဖက် မတူကွဲပြားသည့် လူတန်းစားနှစ်ရပ်ကို ပေါင်းစပ်ထားသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုတည်ရှိနေခြင်းဖြစ်သည်။

ထိုရုံရောအခါ လက်ဝဲလက်နက်ကိုင်များ ပေါ်ပေါက်လာစမြဲ ဖြစ်သည့်အတိုင်း လက်ဝဲ အဓိကအုပ်စုနှစ်စုရှိလာသည်။ ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်အင်အားစု (ဖတ်)နှင့် အမျိုးသား လွတ်မြောက်ရေး တပ်မတော်(အီးအယ်အင်န်)ဟူ၍ ဖြစ်သည်။

ထို့အတူ နိုင်ငံရေးရောင်စဉ်၏ အခြားတစ်ဖက်၌ လက်ယာပြည်သူ့စစ်များရှိသည်။ ၎င်းတို့ကို လက်ဝဲလက်နက်ကိုင်များ၏ရန်ကိုခုခံရန်အတွက် မြေရှင်များက ဖွဲ့စည်းပေးသည်။ အဓိကအုပ်စုမှာ ကိုလံဘီယာနိုင်ငံ ညီညွတ်သော ကိုယ်ပိုင်ကာကွယ်ရေးအင်အားစု (အေယူစီ)ဖြစ်သည်။

အမေရိကန် မူးယစ်ဆေးဝါးမှောင်ခိုဈေးကွက်မှ ကိုကင်း ၉၀ ရာခိုင်နှုန်းသည် ကိုလံဘီယာနိုင်ငံမှ သွင်းလာသည့် ကိုကင်းများဖြစ်သည်။ ထို့ကြောင့်ပင် ကိုလံဘီယာအရေးတွင် အမေရိကန်ပါဝင်သည့် အကြောင်းတစ်ရပ်ဖြစ်သည်။

ကိုလံဘီယာနိုင်ငံ၌ ၂၀၀၂ ခုနှစ်တွင် အရွေးခံရပြီး ၂၀၀၆ ခုနှစ်တွင် ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည့် သမ္မတ အယ်ဗာရိုယူရိုက်သည် လက်ဝဲပြောက်ကျားလက်နက်ကိုင်များနှင့်ပတ်သက်၍ သွေးတိုးစမ်းသည့် ငြိမ်းချမ်းရေးကမ်းလှမ်းချက်ပြုလုပ်ခဲ့ပြီး တစ်ချိန်တည်းမှာပင် ငွေပေါ် အဓိကရပ်တည်ခဲ့ကြသည်။

ဖတ်လက်ဝဲလက်နက်ကိုင်တို့သည် ထိုငွေအပြင် ပြန်ပေးဆွဲငွေတောင်းခံ အကျပ်ကိုင်ခြင်းဖြင့်လည်း ဝင်ငွေရရှိသေးသည်။ အစိုးရဝန်ထမ်း အထူးသဖြင့် လုံခြုံရေးဝန်ထမ်းများကို ပြန်ပေးဆွဲသည့်အပြင် အရပ်သားများကိုပါမကျန်

ပြတ်သားသည့်သဘောထားကို ချမှတ်ခဲ့သည်။

ကိုလံဘီယာနိုင်ငံမှ ဖတ်လက်ဝဲလက်နက်ကိုင်အုပ်စုသည် အာဏာရအစိုးရကို တွန်းလှန်တိုက်ခိုက်လာသည်မှာ ဆယ်စုနှစ်ငါးခုပင် ကြာခဲ့ပြီဖြစ်သဖြင့် လက်တင်အမေရိကတွင် သက်တမ်းအရင့်ဆုံးလက်နက်ကိုင်အုပ်စုဖြစ်သည်။ ကမ္ဘာပေါ်၌ ကိုကင်းအများဆုံး ထုတ်လုပ်သည့် ဤနိုင်ငံတွင် လက်နက်ကိုင်အုပ်စုများ အနေဖြင့် ကိုကင်းမှောင်ခိုလုပ်ငန်းမှရသည့်

ပြန်ပေးဆွဲ ငွေတောင်းလာသည်။ လုံခြုံရေးဝန်ထမ်းများအား ပြန်ပေးဆွဲခြင်းမှာ အစိုးရကဖမ်းထားသည့် မိမိတို့ရဲဘော်များကို ပြန်လွှတ်ပေးရေး အပေးအယူလုပ်ရန်၊ ဈေးဆစ်ရန်ဖြစ်သည်။

ယခုတော့ ဖမ်းဆီးပြန်ပေးဆွဲထားသူတို့ကို ဖတ်လက်နက်ကိုင်အုပ်စုက ပြန်လွှတ်ပေးနေပြီး အတိအလင်းလည်း ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ကြေညာထားသည်။

ဖတ်လက်နက်ကိုင်တို့ နောက်ဆုံးပြန်လွှတ်ပေးလိုက်သည့်ဓားစာခံ ၁၀ ဦးမှာ ရဲအရာရှိများနှင့် တပ်မတော်သားများဖြစ်သည်။ ထိုဓားစာခံများမှာ နှစ်ရှည်လများ ဖမ်းဆီးခံထားရသူများဖြစ်သည်။ လက်နက်ကိုင်တို့လက်တွင် ၁၄ နှစ်ကြာနေထိုင်လာခဲ့သူပင် ပါဝင်လိုက်သေးသည်။

ပိုမိုသဘောပေါက်

ရန်သူ့လက်ထဲ ရောက်နေသည့် သုံ့ပန်းတို့၏ဘဝမှာ မည်မျှကြမ်းတမ်းကြောင်း လွတ်လာပြီး သတင်းစာရှင်းလင်းပွဲများ၌ သူတို့၏အတွေ့အကြုံ ရှင်းပြမှုကဖော်ပြနေသည်။ ယနေ့ခေတ် အိုင်တီနည်းပညာ၏ တစ်ဟုန်ထိုး တိုးတက်မှုကြောင့် သူတို့ကိုတစ်ကမ္ဘာလုံးက စာနာမိကြသည်။ တောထဲ၌အနေကြာလာသော အခါ တောကောင်၊ တောတိရစ္ဆာန်များကိုပင် ယဉ်ကျေးအောင်လေ့ကျင့်ပြုစုနိုင်ခဲ့ပြီး ပြန်လွှတ်လာသည့်အခါသူတို့ကိုမြင်ရသူတိုင်းက သူတို့၏ဓားစာခံသုံ့ပန်းဘဝကို ပိုမို သဘောပေါက်လာရသည်။

ပြန်လည်ရောက်ရှိ

တောထဲတောင်ထဲ၌ အထီးကျန်ဘဝဖြင့် နှစ်ဦးချင်း လက်သို့မဟုတ် ခြေချင်းတွဲ၍ချည်နှောင်ကာ ခုနစ်နှစ်၊ ရှစ်နှစ်နေထိုင်လာခဲ့ကာ ယခု ကိုယ့်ရပ်ကိုယ့်ဌာနေ ကိုယ့်မိသားစုအပါအဝင် ကိုယ့်အသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ရောက်ရှိလာကြပြီဖြစ်သည်။

အချိန်နှင့်အမျှ အရာရာသည် ပြောင်းလဲခဲ့ပြီဖြစ်၏။ ကမ္ဘာ့အခြေအနေသည် ပြောင်းလဲလာသည်။ သူတို့မိသားစုအတွင်းမှာပင် သူတို့အိမ်မှန္တာခိုက် ပြောင်းလဲသွားပြီဖြစ်သည်။ မိသားစုဝင်အချို့ လူ့ပြည်၌မရှိတော့။ သားငယ်၊ သမီးငယ်တို့ အိမ်ထောင်ပြုခွဲထွက်သွားကြပြီ။ ထို့အတူ ကိုလံဘီယာနိုင်ငံမှာလည်း အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါပြီ။မြို့ကြီးအချို့ကိုပင် သိမ်းနိုင်ပြီး လွန်ခဲ့သည့် ၁၀ နှစ်က အင်အား ၂၀၀၀၀ နီးပါးရှိသည့် ဖတ်လက်နက်ကိုင်အုပ်စုမှာ အင်အားနည်းလာသည်။ ပြန်ပေးဆွဲငွေတောင်းမှုကြောင့် ဖတ်လက်နက်ကိုင်တို့မှာ ပြည်သူ့ထောက်ခံမှု လျော့နည်းလာသည်။ နိုင်ငံတကာကလည်း ဖတ်လက်နက်ကိုင်အုပ်စုကို ရှုတ်ချလာသည်။

ပြန်ပေးဆွဲထားသူ ဓားစာခံများအား ပြန်လွှတ်ပေးသည်မှာ လူသာစုခေါ် နတ်သာစုခေါ်အရာသာ ဖြစ်သည်မှန်သော်လည်း ကိုလံဘီယာ ပြည်သူအများစုကမူ သံသယမျက်စိဖြင့် ရှုမြင်ကြသည်။ အချို့အဝေကာသာ ဤလုပ်ရပ်သည် ငြိမ်းချမ်းရေးကို ဦးတည်သည့် စစ်မှန်သော ပထမခြေလှမ်းအဖြစ် ယုံကြည်သည်။ ဖတ်လက်နက်ကိုင်တို့လက်တွင် အရပ်သားသုံ့ပန်းအများအပြားရှိနေသေးကြောင်း သတင်းတွင်ဖော်ပြထားသည်။

မည်သို့ပင်ဖြစ်စေ ဗင်နီဇွဲလားနိုင်ငံ၌ ပြန်ပေးဆွဲမှုအရှိန်တက်နေသည့် သတင်းများ၊ ကိုလံဘီယာနိုင်ငံ၌ ပြန်ပေးဆွဲထားသူများကို ပြန်လွှတ်ပေးနေသည့် သတင်းများမှာ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသည်၊ ဝိရောဓိဖြစ်နေသည်ဟုသာမန်အားဖြင့် ထင်မြင်စရာဖြစ်သည်။ သို့သော် တကယ်တမ်းဆန်းစစ်ကြည့်မည်ဆိုလျှင် တစ်ခုတည်းသောအရပ်သို့ မျက်နှာမူလျက် ကိုလံဘီယာနိုင်ငံက ရှေ့ကပြေးကာ ဗင်နီဇွဲလားနိုင်ငံက နောက်မှ အမီလိုက်လျက် နှစ်နိုင်ငံ မျဉ်းပြိုင်လမ်းပေါ် လျှောက်လှမ်းနေကြခြင်းဖြစ်ပြီး ကမ္ဘာ့အလယ်တွင် နိုင်ငံဂုဏ်သိက္ခာကို အပြိုင်ချနေကြခြင်းအဖြစ် ရှုမြင်သုံးသပ်မိပါကြောင်း။ ။

15-4 (11).pmd 1 4/15/2012, 3:47 AM

မောင်မောင်မြင့်ဆွေ-စုစည်းသည်

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၃၁)ယှဉ်ပြိုင် စတုဂတ်က ဝါဒါဘရီမင်ကို အနိုင်ရရှိ

ဘာလင် ဧပြီ ၁၄

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၁)ကို ဧပြီ ၁၄ ရက် နံနက်က စတင်ယှဉ်ပြိုင်ကစားရာ စတုဂတ်နှင့် ဝါဒါဘရီမင်တို့ပွဲတွင် အိမ်ရှင် စတုဂတ်တို့က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တန်းစီဇယား ပဥ္စမနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ **(ယာပုံ)**

စတုဂတ်အသင်းသည် အိမ်ကွင်း၌ ကစားကွက်အသာစီးဖြင့် ဝါဒါဘရီမင်တို့အား တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၃၇ မိနစ်၌ ခရစ်စတင်းဂန်တနာက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ၄၅ မိနစ်နှင့် ၅၃ မိနစ်တို့၌ မာတင်ဟာနစ်က တစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သဖြင့် စတုဂတ်တို့ သုံးဂိုး ရရှိခဲ့သည်။ ဆက်လက်ပြီး ပွဲချိန် ၈၉ မိနစ်၌ ကာကူက တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် စတုဂတ်တို့ လေးဂိုးရရှိခဲ့ပြီး ဝါဒါဘရီမင်အတွက် ချေပဂိုး တစ်ဂိုးကို ပွဲချိန် ၂၅ မိနစ်၌ ရိုဆင်ဘတ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဝါဒါဘရီမင်အသင်းသည် ယခုပွဲရှုံးခဲ့သဖြင့် ဘွန်ဒက်စ်လီဂါတန်းစီဇယားတွင် ၃၁ ပွဲကစားပြီး ၄၂ မှတ်ဖြင့် အဌမနေရာ၌ ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

ကိုပင်ဟေဂင်ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ ဝေါ့ဇ်နီယာစကီအကြိုဗိုလ်လုပွဲတက်ရောက်

ကိုပင်ဟေဂင် ဧပြီ ၁၄

ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပလျက်ရှိသော ကိုပင်ဟေဂင် ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဧပြီ ၁၄ ရက်က ယှဉ်ပြိုင်ကစားရာ ဒိန်းမတ်တင်းနစ်မယ် ကာရိုလိုင်းဝေါ့ဇ်နီယာစကီက **(အပေါ်ပုံ)** ပြင်သစ်တင်းနစ်မယ် အလီစီကော်နက်အား အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့ပြီဖြစ်သည်။

အနိုင်ရရှိ

ယင်းပွဲတွင် ကာရိုလိုင်းဝေါ့ဇ်နီယာစကီက အလီစီကော်နက်အား ၆-၀၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းပွဲ၌ ကာရိုလိုင်းဝေါ့ဇ်နီယာစကီ၏ အားပါပြင်းထန်သော တန်ပြန်ရိုက်ချက်များကြောင့် ပြင်သစ်တင်းနစ်မယ်ကော်နက်ရှုံးပွဲ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ နောက်ထပ် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆားဘီးယားတင်းနစ်မယ် ဂျန်ကိုဗစ်က အက်စ်တိုးနီးယားတင်းနစ်မယ် ကာနေပီအား ၆-၁၊ ၆-၃ဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

လိဂ်ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ ရက်ဒင်းက အဝေးကွင်း၌ အောင်ပွဲခံ

လန်ဒန် ဧပြီ ၁၄

အင်္ဂလန်လိဂ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို ဧပြီ ၁၄ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ဆောက်သမ်တန်နှင့် ရက်ဒင်းတို့ပွဲတွင်ရက်ဒင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(ဝဲပုံ)**

ရက်ဒင်းအသင်းသည် အဝေးကွင်း၌ ကစားရသော်လည်း ရှိန်မနေဘဲ အိမ်ရှင်ဆောက်သမ်တန်တို့အား ဖိကစားနိုင်ခဲ့သည်။ ရက်ဒင်းအတွက် အဖွင့်ဂိုးကို ပွဲချိန်မိနစ် ၂၀ ၌ ရောဘတ်စ်က သွင်းယူပေးခဲ့သည်။

ဆောက်သမ်တန်အတွက် ချေပဂိုးကို ပွဲချိန် ၄၈ မိနစ်၌ လမ်းပတ်က သွင်းယူပေးခဲ့နိုင်သော်လည်း ဒုတိယပိုင်းပွဲချိန် ၇၂ မိနစ်၌ ဖွန်ဒရီက ရက်ဒင်းအတွက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။ ရက်ဒင်းတို့ အနိုင်ဂိုးများသွင်းယူနိုင်ရေး ဆက်လက် ထိုးဖောက်ကစားခဲ့ရာ ဒုတိယပိုင်းပွဲချိန် မိနစ် ၉၀ ၌ ဖွန်ဒရီကပင် ရက်ဒင်းအတွက် တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီး ရက်ဒင်းတို့က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး-စုစည်းသည်

မန်ယူနှင့် အက်စ်တွန်ဗီလာတို့ ပထမအကျော့တွင် ဤသို့ အကြိတ်အနယ်။

မန်ယူတို့အိမ်ကွင်း၌ နိုင်ပွဲပြန်စနိုင်ပါ့မလား

လန်ဒန် ဧပြီ ၁၄

နှစ်ကုန်ရာသီကုန်ခါနီးပြီမို့ ပရီမီယာလိဂ်ဖလားလုပွဲကလည်း တဖြည်းဖြည်းနီးကပ်လာပါပြီ။ မန်စီးတီးနဲ့ မန်ယူတို့ရဲ့ဖလားတိုက်ပွဲကလည်း သူတစ်ပြန်ကိုယ်တစ်ပြန် အနေအထားမှာရှိပါတယ်။ လောလောဆယ် မှာတော့ မန်ယူက မန်စီးတီးထက် ငါးမှတ်အသာနဲ့ ဦးဆောင်နေပါတယ်။

ဧပြီ ၁၅ရက်ညပိုင်းမှာတော့ မန်ယူက အက်စ်တွန်ဗီလာအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားဖို့ရှိပါတယ်။ ဒီပွဲစဉ်ဟာ မန်ယူရဲ့ ယခုနှစ်ရာသီအတွက် ပွဲစဉ် (၃၄)ဖြစ်ပါတယ်။ မန်ယူဟာ ပြီးခဲ့တဲ့ပြိုင်ပွဲ အနေအထားအရတော့ အိမ်ကွင်းဆိုပေမယ့် အက်စ်တွန်ဗီလာကိုနိုင်ဖို့ လူစုံထုတ် ခြေကုန်ထုတ်ကစားနိုင်မှ တော်ရာကျမှာပါ။ ပြီးခဲ့တဲ့ ခြေစွမ်းနဲ့ကစားမယ်ဆိုရင် သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

ပရီမီယာလိဂ်အသင်းတွေဟာ ရာသီကုန်နှစ်ကုန်တာနဲ့ ခြေစွမ်းတွေဟာလည်း တဖြည်းဖြည်း တက်လာကြပါတယ်။ အသင်းငယ်တွေဆိုပြီး လျှော့တွက်လို့မရတဲ့အနေအထားမှာရှိပါတယ်။ အထူးသဖြင့် ချန်ပီယံလိဂ်နေရာလုပွဲတို့၊ ယူရိုပါလိဂ်နေရာလုပွဲတို့အတွက် အကြိတ်အနယ်ရှိနေပါတယ်။ ဘာပဲဖြစ်ဖြစ်ပွဲတွေကတော့ ကြည့်ကောင်းဦးမှာသေချာပါတယ်။

ဒီညမှာပဲ ဘော်လ်တန်နဲ့စပါးကလည်း ရက်ရွှေ့ထားတဲ့ပြိုင်ပွဲတစ်ပွဲပြန်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲမှာ စပါးက အဝေးကွင်းကစားရမှာဖြစ်ပါတယ်။ စပါးအသင်းဟာ ယခုနှစ်ရာသီမှာ မန်ယူ၊ မန်စီးတီး၊ အာဆင်နယ်တို့နဲ့ အပြိုင်ထိပ်ဆုံးလေးနေရာမှာ တစ်နေရာရဖို့ ကြိုးစားနေတဲ့အသင်းတစ်သင်းဖြစ်ပါတယ်။ စပါးရဲ့ နေရာလုတိုက်ပွဲကတော့ ပရိသတ်တွေအကြိုက်တွေ့ဦးမှာသေချာပါတယ်။ **(အင်တာနက်)**

တိုက်စစ်မှူးအဂူရို မန်စီးတီးမှာ ဆက်ကစားမည်

လန်ဒန် ဧပြီ ၁၄

မန်စီးတီးတိုက်စစ်မှူး အဂူရိုက အာဂျင်တီးနားနဲ့ ရီးရဲမက်ဒရစ်အသင်းတွေက ခေါ်ယူဖို့ အဆက်အသွယ်တွေ လုပ်ကြသော်လည်း သူ့ရဲ့အနာဂတ်ဟာ ပရီမီယာလိဂ် အသင်း မန်စီးတီးမှာသာရှိလိမ့်မယ်လို့ ပြောကြားလိုက်ပါတယ်။ **(ယာပုံ)**

အဂူရိုဟာ ရီးရဲမက်ဒရစ်ကခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ကစားသမားတွေ အနက်မှတစ်ဦးဖြစ်ပါတယ်။ သူဟာ မန်စီးတီးရဲ့ ပထမဆုံးရာသီမှာပဲ ခြေစွမ်းပြခဲ့လို့ ရီးရဲမက်ဒရစ်က ခေါ်ယူဖို့မျက်စိကျနေပါတယ်။

တိုက်စစ်မှူး အဂူရိုဟာ မန်စီးတီးအသင်းအတွက် ၂၆ ဂိုးသွင်းယူပေးခဲ့သူပါ။ သူဟာ ပြီးခဲ့တဲ့ရာသီက မန်စီးတီးသို့ ပေါင် ၃၈ သန်းနဲ့ပြောင်းရွှေ့လာသူဖြစ်ပါတယ်။ သူ့ရဲ့အသက်ဟာ ၂၃နှစ်ပဲ ရှိပါသေးတယ်။ တိုက်စစ်မှူး တစ်ဦးအနေနဲ့ ဂိုးသွင်းစွမ်းရည်အကောင်းဆုံး အသက်အရွယ်ဖြစ်နေတာမို့ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက ခေါ်ယူဖို့မျက်စိကျနေတာပါ။ "အမှန်အတိုင်းပြောရရင် ကျွန်တော်ဒီမှာနေရတာ ပျော်ပါတယ်။ ကစားသမားတွေ အချင်းချင်းကရော အသင်းတာဝန်ရှိသူတွေကပါ ဝိုင်းဝန်းကူညီအားပေးနေတာကြောင့်လည်းပါပါတယ်"လို့ အဂူရိုက ပြောပါတယ်။ မန်စီးတီးနဲ့မန်ယူအသင်းတို့ဟာ ငါးမှတ်ကွာခြားနေပေမယ့် ကျန်တဲ့ပွဲတွေမှာ အဂူရိုခြေစွမ်းပြဂိုးတွေ သွင်းပေးမယ်ဆိုရင် မန်စီးတီးဖလား ရဖို့ နီးစပ်ပါတယ်လို့ နည်းပြမန်စီနီက အခိုင်အမာ ပြောကြားလျက်ရှိပါတယ်။ **(အင်တာနက်)**

တိုက်စစ်မှူး ဗန်ပါစီ ဂိုးအများဆုံးစံချိန်ယူမှာလား



လန်ဒန် ဧပြီ ၁၄

အာဆင်နယ်အသင်းဟာ မန်စီးတီးကို အနိုင်ရပြီးနောက် ခြေစွမ်းတက်လာတဲ့ အသင်းပါ။ မန်ယူနဲ့ မန်စီးတီးတို့ပြီးရင် အာဆင်နယ်အသင်းဟာ ခြေစွမ်းအပြဆုံး အသင်းဖြစ်လာပါတယ်။ လောလောဆယ်အမှတ်ပေးဇယား တတိယနေရာမှာ ရှိနေပါတယ်။

အာဆင်နယ်နဲ့ ဝီဂန်အသင်းတို့ဟာ လာမယ့် ဧပြီ ၁၆ ရက် ညပိုင်းမှာ ပွဲစဉ် (၃၄) အဖြစ် ကစားဖို့ရှိပါတယ်။ ဒီပွဲမှာ အာဆင်နယ်က အိမ်ရှင်အဖြစ် လက်ခံကစားမှာပါ။ အာဆင်နယ်အသင်းရဲ့ နောက်တန်းကစားသမားတစ်ဦးဖြစ်တဲ့ ကီယာရန် ဂစ်ဘ်ကတော့ ပြန်ဝင်ကစားဖို့ မကစားဖို့ ၅၀ ရာခိုင်နှုန်းစီရှိနေပါတယ်။ မသေချာပါဘူး။ ဒါပေမယ့် တိုက်စစ်မှူး ဂါဗင်ဟိုကတော့ ခြေမျက်စိဒဏ်ရာမှ ပြန်ကောင်းလာတဲ့အတွက် ပြန်ကစားနိုင်ခြေများပါတယ်။ ဒီပွဲမှာ ဝီဂန်တိုက်စစ်မှူး ဟူရိုရှေ့ဒလီဂါလည်း အမ်းမရိုတ်သို့ပြန်မသွားမီ ပါဝင်ကစားမယ်လို့ သိရပါတယ်။ ဝီဂန်အသင်းဟာ ပြီးခဲ့တဲ့ပြိုင်ပွဲ ၁၃ ပွဲမှာ တစ်ပွဲပဲအနိုင်ရထားပါတယ်။

အာဆင်နယ်အသင်းကတော့ ဝီဂန်နဲ့နှစ်ပွဲကစားရာမှာ နှစ်ပွဲစလုံးအနိုင်ရခဲ့တဲ့အသင်းဖြစ်ပါတယ်။ အာဆင်နယ်အသင်းရဲ့ အသင်းခေါင်းဆောင် ဗန်ပါစီ **(ဝဲပုံ)**ဟာ ဒီနှစ် ပရီမီယာလိဂ်မှာ ဂိုးအများဆုံးသွင်းထားသူပါ။ သူဟာ ပွဲစဉ်(၃၃)အပြီး ၂၇ဂိုး သွင်းယူထားသူပါ။ မန်ယူတိုက်စစ်မှူး ရွန်နေက ၂၂ဂိုးနဲ့ ဒုတိယဂိုးအများဆုံးသွင်းယူထားပါတယ်။ မန်စီးတီးတိုက်စစ်မှူး အဂူရိုကတော့ ဒီနှစ်ပရီမီယာလိဂ်မှာ ၁၉ ဂိုးသွင်းယူထားပါတယ်။ ဒါကြောင့်မို့ ဗန်ပါစီရဲ့ ဂိုးသွင်းစံချိန်ကို ဝီဂန်နဲ့ပွဲမှာ ပရိသတ်တွေ ဆက်လက်စောင့်မျှော်ကြည့်ရဦးမှာပါ။ **(အင်တာနက်)**

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

ကောင်းမြတ်သူ-စုစည်းသည်

တေလာဆွစ်နဲ့အယ်လ်ဘမ်ထွက်တဲ့ ဂျပ်စတင်ဘီဘာ

လော့စ်အိန်ဂျလိစ် ဧပြီ ၁၄

ကနေဒါလူငယ်အဆိုတော် ဂျပ်စတင်ဘီဘာက သူနဲ့ ကမ္ဘာကျော်ကန်းထရီး အဆိုတော် တေလာဆွစ်တို့ဟာ a Duet; လို့ အမည်ရတဲ့ သီချင်းအသံသွင်းမယ်လို့ ဗြိတိန်နိုင်ငံရှိ Capital FM သို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အဆိုတော် ဂျပ်စတင်ဘီဘာဟာ Never Say Never သီချင်းနဲ့ I need; လို့အမည်ရတဲ့သီချင်းတွေကြောင့် ပရိသတ်တွေအကြား လူကြိုက်များခဲ့တဲ့ အဆိုတော် ဖြစ်ပါတယ်။

ယခုတစ်ဖန် a Duet; လို့အမည်ပေးထားတဲ့ သီချင်းအယ်လ်ဘမ်သစ်ကို နာမည်ကြီးကန်းထရီးအဆိုတော် တေလာဆွစ်နဲ့ တွဲဆိုမယ်လို့သူကပြောပါတယ်။ ဒီအယ်လ်ဘမ်ဟာ ဂျပ်စတင်ဘီဘာရဲ့နောက်ဆုံးထွက်ရှိလာမယ့် အယ်လ်ဘမ်ဖြစ်ပြီး လာမယ့်ဇွန်လမှာ ထွက်ဖို့မျှော်လင့်ထားတဲ့အကြောင်း အသက် ၁၈နှစ်အရွယ်ရှိ ကနေဒါအဆိုတော် ဂျပ်စတင်ဘီဘာကပြောပါတယ်။ အသက် ၂၂ နှစ်အရွယ် ရှိပြီဖြစ်တဲ့ အဆိုတော်တေလာဆွစ်ဟာ ဂျပ်စတင်ဘီဘာနဲ့ထွက်မယ့် အယ်လ်ဘမ်အတွက် ကိုယ်ပိုင်စတူဒီယိုခန်းမှာ စမ်းသပ်တီးခတ်နေပြီလို့ ဆိုပါတယ်။ **(အောက်ပုံ)**

အဆိုတော် တေလာဆွစ်ဟာ Speak Now လို့အမည်ရတဲ့ အယ်လ်ဘမ်နဲ့ အောင်မြင်ခဲ့တဲ့အဆိုတော်ဖြစ်ပါတယ်။ သူမနောက်ထွက်လာမယ့် သီချင်းအတွက်လည်း သီချင်းရေးပြီးပြီလို့ ဆိုပါတယ်။ ဒီသီချင်းနာမည်ကိုတော့ So happy လို့အမည်ပေးထားပါတယ်။ **(အင်တာနက်)**





ချစ်သူကို သက်တော်စောင့်လို့ပြောတဲ့ အဆိုတော် ဂျင်နီဖာအင်နီစတန်

လော့စ်အိန်ဂျလိစ် ဧပြီ ၁၄

အဆိုတော် သရုပ်ဆောင်ဂျင်နီဖာအင်နီစတန်နဲ့ ရုပ်ရှင်မင်းသား ဂျပ်စတင်းသာရောက်ဇ်တို့ကို ချစ်သူစုံတွဲတွေလို့ ပရိသတ်တွေက သိထားကြပါတယ်။ သူတို့နှစ်ဦးဟာ ချစ်သူတွေပဲလို့ ပရိသတ်တွေကသိနေတာ တစ်နှစ်လောက်တောင်ရှိခဲ့ပါပြီ။ **(ဝဲပုံ)**

သူတို့နှစ်ဦးဟာ ဟောလိဝုဒ်တောင်ကြားက ခြံတစ်ခြံမှာ နေကြတာပါ။ အတူသွား၊ အတူလာရှိနေကြတာပါ။ ယခုသူတို့စုံတွဲဟာ ဘီလ်အဲယားမှာရှိတဲ့ ဒေါ်လာ ၂၁သန်းတန်အိမ်ကြီးသို့ ပြောင်းရွှေ့ဖို့ ပြင်ဆင်နေကြပါတယ်။ အသက် ၄၃ နှစ်အရွယ်ရှိတဲ့ ဂျင်နီဖာအင်နီစတန်နဲ့ အသက် ၄၀ အရွယ်ရှိတဲ့ မင်းသားသာရောက်ဇ်တို့ဟာ လိုက်ဖက်ညီတဲ့အတွဲတစ်တွဲလို့လည်း ပရိသတ်တွေက ပြောကြားနေပါတယ်။ သူတို့ဟာချစ်သူစုံတွဲဖြစ်ပေမယ့် အင်နီစတန်က ချစ်သူဖြစ်တဲ့ မင်းသားသာရောက်ဇ်ကို ဘယ်တော့မှ သူ့ချစ်သူလို့ ဝန်ခံလေ့မရှိခဲ့ပါဘူး။ ယခုလည်း ဂျင်နီဖာအင်နီစတန်က သူ့ချစ်သူ မင်းသားသာရောက်ဇ်ကို သက်တော် စောင့် တစ်ဦးသာဖြစ်တယ်လို့ ရုပ်သံလိုင်းတစ်ခုနဲ့ တွေ့ဆုံမေးမြန်းရာမှာ ပြောကြားခဲ့ပါတယ်။ "သာရောက်ဇ်ဟာ ကျွန်မအတွက်တော့ တကယ့်သက်တော်စောင့်ကောင်းတစ်ယောက်ပါပဲ"။ "သူဟာ တကယ့်လူကောင်းတစ်ယောက်ပါပဲ"လို့ ဂျင်နီဖာအင်နီစတန်က ဩစတြေးလျရုပ်သံမာရီကလာရီသို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဂျင်နီဖာအင်နီစတန်ဟာ ချစ်သူကိုချစ်သူလို့ ဝန်ခံမပြောဘဲ သက်တော်စောင့်လို့ ပြောရခြင်းဟာ အကြောင်းတစ်ခုခုတော့ရှိလို့ ဖြစ်နိုင်ပါတယ်။ မှန်ပါတယ်။ သာရောက်ဇ်မှာ နှစ်ပေါင်းများစွာချစ်ခဲ့ရတဲ့ ချစ်သူတစ်ဦးရှိနေလို့ပါပဲ။ သူမရဲ့ နာမည်ကတော့ ဟိုင်းဒီဘိုင်ဗင်းစ်တဲ့။ ဒါကြောင့်မို့ အင်နီစတန်နဲ့ သာရောက်ဇ်တို့ရဲ့ အချစ်ဇာတ်လမ်းဟာ လူသိရှင်ကြားမဖြစ်ခဲ့တာလို့ အင်နီစတန်က ဆိုပါတယ်။ အင်နီစတန်နဲ့ ဂျပ်စတင်းသာရောက်ဇ်တို့ဟာ ၂၀၁၀ခုနှစ်ကတည်းက ဂျော်ဂျီယာပြည်နယ်မှာပြုလုပ်တဲ့ ဖျော်ဖြေပွဲတစ်ပွဲမှာ တွေ့ဆုံခဲ့ရာမှ ချစ်သူတွေဖြစ်ခဲ့ကြတယ်လို့ ဆိုပါတယ်။ **(အင်တာနက်)**

အဆိုတော် မီနာ့းရဲ့အယ်လ်ဘမ် နံပါတ်တစ်နေရာချိတ်

လော့စ်အိန်ဂျလိစ် ဧပြီ ၁၄

အဆိုတော် နစ်ကီမီနား Nicki Minaj ဟာ Pink Friday Roman Reloaded လို့ အမည်ရတဲ့ အယ်လ်ဘမ်နဲ့ Billboard 200 Album Chart မှာ နံပါတ်တစ် ရောင်းအားအကောင်းဆုံး အယ်လ်ဘမ်ဖြစ်ခဲ့ပါတယ်။ နစ်ကီမီနားရဲ့ အယ်လ်ဘမ်ဟာ မက်ဒေါနားရဲ့ နှစ်ပတ်ဆက်တိုက် နံပါတ်တစ်ရောင်းအားအကောင်းဆုံးအယ်လ်ဘမ်ကို ကျော်ဖြတ်ပြီး နံပါတ်တစ်ရောင်းအားအကောင်းဆုံးဖြစ်လာခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုတော်မက်ဒေါနားရဲ့ (၁၂) ကြိမ်မြောက်ထွက်တဲ့ MDNA အယ်လ်ဘမ်ဟာ ယခု သီတင်းပတ်မှာ နံပါတ်တစ်နေရာမှ နံပါတ် (၈)နေရာသို့ ကျဆင်းသွားခဲ့ပါတယ်။ ယခုတစ်ပတ်မှာ သူမရဲ့ အယ်လ်ဘမ်ဟာ တေးအယ်လ်ဘမ်အချပ်ပေါင်း ၄၈၀၀၀သာ ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။ အဆိုတော် လေဒီဂါဂါရဲ့ ၂၀၁၁ ခုနှစ်ထုတ် အယ်လ်ဘမ်တစ်ခုဖြစ်တဲ့ Born This Way လို့ အမည်ရတဲ့ အယ်လ်ဘမ်ဟာ စထွက်ထွက်ချင်း ပထမပတ်မှာပဲ အယ်လ်ဘမ်အချပ်ပေါင်း ၁ ဒသမ ၁ သန်းရောင်းချခဲ့ရပါတယ်။ ဒီအယ်လ်ဘမ်ဟာ ဒုတိယအပတ်မှာ ၁၇၄၀၀၀ ပဲ ရောင်းချရပါတယ်။ ဒီအယ်လ်ဘမ်နဲ့ နှိုင်းယှဉ်ရင် မက်ဒေါနား၏ MDNA ရဲ့ အယ်လ်ဘမ်ဟာ အဲဒီလောက်အရောင်းကျသွားတယ်လို့တော့ မဆိုနိုင်ပါဘူး။ မီနား့ရဲ့ဒုတိယမြောက်အယ်လ်ဘမ်ဖြစ်တဲ့ Roman Reloaded ဟာ စရောင်းရောင်းချင်း ပထမအပတ်မှာပဲ အယ်လ်ဘမ်အချပ်ရေ ၂၅၃၀၀၀အထိ ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။ **(အပေါ်ပုံ)** **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

အာကာကျော် - စုစည်းသည်

နှစ်စဉ်ကမ္ဘာတစ်ဝန်းစမတ်ဖုန်းရောင်းချမှု ၂၀၁၄ ခုနှစ်တွင် တစ်ဘီလီယံအထိရှိနိုင်

လန်ဒန် ဧပြီ ၁၄

ကမ္ဘာလုံးဆိုင်ရာ နှစ်စဉ်စမတ်ဖုန်းရောင်းချမှုသည် ၂၀၁၄ ခုနှစ်အရောက်တွင် တစ်ဘီလီယံအထိရောက်ရှိလာနိုင်ကြောင်း၊ အထူးသဖြင့် တရုတ်နိုင်ငံက ဝယ်လိုအားမြင့်မားလာနိုင်ကြောင်း ဈေးကွက်သုတေသနအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ခရက်ဒစ်ဆွီဆေးက ဧပြီ ၁၂ ရက်တွင် ပြောကြားလိုက်သည်။ **(အပေါ်ပုံ)**

ကမ္ဘာ့စမတ်ဖုန်းရောင်းချမှုသည် ယခုနှစ်အတွင်း အလုံးရေ ၆၈၇ ဒသမ ၉ သန်းအထိရောက်ရှိကာ ရာခိုင်နှုန်းအားဖြင့် ၄၆ ရာခိုင်နှုန်းတိုးတက်လာနိုင်ကြောင်း၊ ၂၀၁၄ ခုနှစ်အရောက်တွင် ကမ္ဘာတစ်ဝန်းစမတ်ဖုန်းရောင်းချမှုသည် အလုံးရေ ၁ဒသမ ၀၅ဘီလီယံအထိ ရှိလိမ့်မည်ဖြစ်ကြောင်း အဆိုပါအဖွဲ့ကြီးက ပြောကြားသည်။ တရုတ်နိုင်ငံတွင် စမတ်ဖုန်းဈေးကွက်သည် လျင်မြန်စွာ ကြီးထွားလာသည်။ ၂၀၁၅ ခုနှစ်အရောက်တွင် လက်ရှိအနေအထားထက် ၂၂ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း အဆိုပါဈေးကွက်သုတေသနအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အက်ပဲလ်ကုမ္ပဏီသည် PC နှင့် Tablet ကွန်ပျူတာများခေတ်ကိုကျော်ပြီး စမတ်ဖုန်းဈေးကွက်ကို ဦးဆောင်လိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းအဖွဲ့က ခန့်မှန်းထားသည်။ အက်ပဲလ်ကုမ္ပဏီသည် ကမ္ဘာ့စမတ်ဖုန်း အများဆုံးထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီဖြစ်သည်။ ယခုနှစ်တွင် ၎င်း၏ ဈေးကွက်ဝေစုသည် ၂၃ ရာခိုင်နှုန်းမြင့်တက်လာသည်။ နိုကီယာကုမ္ပဏီသည် ၂၀၁၃ ခုနှစ်အရောက်တွင် စမတ်ဖုန်းရောင်းအားပြန်ကောင်းလာနိုင်သည်။ နိုကီယာသည် ကမ္ဘာ့မိုဘိုင်းလ်ဖုန်း တတိယအများဆုံး ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီဖြစ်သည်။ ဆမ်ဆောင်းက ဒုတိယအများဆုံးဖြစ်သည်။ **(အင်တာနက်)**

စမတ်ဖုန်းနှင့် Tab ကွန်ပျူတာများ ဆမ်ဆောင်းမှ အသစ်ထုတ်လုပ်ပြီ

ဆိုးလ် ဧပြီ ၁၄

ဆမ်ဆောင်းကုမ္ပဏီက Galaxy စမတ်ဖုန်းအမျိုးအစားနှစ်မျိုးကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၁၂ ရက်တွင် ၎င်းကုမ္ပဏီက ကြေညာသည်။ **(ယာပုံ)**

Galaxy Player 3.6 ဟုအမည်ပေးထားသော စမတ်ဖုန်းအမျိုးအစားသည် စက္ကရင်အကျယ် ၃ ဒသမ ၆၅ လက်မရှိသည်။ CPU မှာ TGHz Cortex A 8 ဖြစ်သည်။ Rear ကင်မရာတစ်လုံးလည်းပါရှိသည်။ ၎င်းကင်မရာမှာ 2 megapixel ရှိသည်။ ၎င်း Galaxy Player 3.6 တစ်လုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၉ ဒသမ ၉၉ ဖြစ်သည်။

Galaxy Player 4.2 ဟု အမည်ပေးထားသော စမတ်ဖုန်းအမျိုးအစားသစ်သည် စက္ကရင်အကျယ် ၄ဒသမ ၂ရှိသည်။ Processor မှာ 1GHz Cortex A 8 ဖြစ်သည်။ ယင်း Galaxy Player 4.2 တစ်လုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၉၉ ဒေါ်လာတန်ဖိုးရှိသည်။ မကြာမီဈေးကွက်များသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ဆမ်ဆောင်းကုမ္ပဏီက Tablet ကွန်ပျူတာနှစ်မျိုးကိုလည်း ထုတ်လုပ်ခဲ့သည်။The Galaxy Tab 27.0ဟုအမည်ပေးထားသော Tablet ကွန်ပျူတာမှာ စက္ကရင်အကျယ် ၇ လက်မရှိသည်။ Processor မှာ dual-core 1 GHz ဖြစ်သည်။ ဆော့ဖ်ဝဲမှာ ဂူဂဲဆော့ဖ်ဝဲ Android 4.0 ကို သုံးထားသည်။ memory 8GB ရှိသည်။ ၎င်း Tablet ကွန်ပျူတာကို လာမည့် ဧပြီ ၂၂ရက်မှစပြီး တစ်လုံးအမေရိကန်ဒေါ်လာ ၂၄၉ဒသမ ၉၉ဖြင့် ဈေးကွက်များသို့ တင်ပို့ရောင်းချသွားမည်ဟု ဆမ်ဆောင်းကပြောကြားသည်။ Galaxy Tab 10.1 ဟု အမည်ပေးထားသော Tablet ကွန်ပျူတာမှာ စက္ကရင်အကျယ် ၁၀ ဒသမ ၁ လက်မရှိသည်။ Prcessor မှာ dual-core 1GHz ရှိသည်။ Megapixel 3ရှိသည့် rear ကင်မရာတစ်လုံးလည်းပါရှိသည်။ ဆော့ဖ်ဝဲမှာ Android 4.0 Ice Cream Sandwich နှင့် Touch Wiz UI ဖြစ်သည်။ ၎င်း Tablet ကွန်ပျူတာကို လာမည့် မေ ၁၃ ရက်တွင် တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၃၉၉ ဒသမ ၉၉ ဖြင့်ဈေးကွက်သို့ တင်ပို့ရောင်းချမည်ဖြစ်သည်။ **(အင်တာနက်)**

Black Berry-7 စမတ်ဖုန်း ဆော့ဖ်ဝဲ ကမ္ဘာ့အကောင်းဆုံး မိုဘိုင်းလ်ဖုန်းဆော့ဖ်ဝဲဖြစ်လာ

အော့တဝါ ဧပြီ ၁၄

ကမ္ဘာ့အကောင်းဆုံး ဖုန်းဆော့ဖ်ဝဲအဖြစ် ကနေဒါ စမတ်ဖုန်းထုတ်လုပ်ရေးကုမ္ပဏီ Black Berry ၏ ဆော့ဖ်ဝဲသည် အကောင်းဆုံးဖြစ်ကြောင်း ဧပြီ ၁၂ ရက်တွင် နည်းပညာသုတေသနအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Trend Micro က ပြောကြားသည်။ **(ဝဲပုံ)**

Black Berry-7 စမတ်ဖုန်းတွင်အသုံးပြုသော OS (Operating System) သည် အကောင်းဆုံးဖြစ်ကြောင်း၊ လုံခြုံမှုအရှိဆုံးဖြစ်ကြောင်း Trend Micro သုတေသီများက ပြောကြားသည်။ ယင်းစမတ်ဖုန်း ဆော့ဖ်ဝဲသည် ဆော့ဖ်ဝဲတန်ဖိုး ၂ဒသမ ၈၉ rating ရှိသည်။ ၎င်းဆော့ဖ်ဝဲနောက်မှ အက်ပဲလ်ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် iOS_5 သည် ဒုတိယတန်ဖိုးအမြင့်ဆုံး ဖြစ်သည်။ Rate တန်ဖိုး ၁ ဒသမ ၇ Rating ရှိသည်။ မိုက်ခရိုဆော့ဖ်၏ Windows Phone 7.5 သည် တတိယအမြင့်ဆုံးဖြစ်ပြီး Rating တန်ဖိုး ၁ ဒသမ ၆၁ Rating ရှိသည်။ ဂူဂဲမှ ထုတ်လုပ်သော Android 2.3 Operating System သည်လည်း တတိယအကောင်းဆုံးဖြစ်ပြီး Rating တန်ဖိုး ၁ ဒသမ ၃၇ Rating ဖြစ်သည်။ ထို့ကြောင့် Black Berry-7 စမတ်ဖုန်းဆော့ဖ်ဝဲသည် အကောင်းဆုံးဆော့ဖ်ဝဲဖြစ်ကြောင်း ဘလက်ဘယ်ရီမိုဘိုင်းလ်ဖုန်း ထုတ်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

သံတမန်များ နေပြည်တော်မဟာသင်္ကြန်ကို ပျော်ရွှင်စွာဆင်နွှဲ

အနုပညာရှင်များ၏ အဆိုအကများဖြင့် ပျော်ပြေတင်ဆက်မှုများကို ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၁၄

၁၃၇၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို နေပြည်တော်၌ တတိယအကြိမ်အဖြစ် ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းမှစတင်၍ ရေသဘင်မဏ္ဍပ်များ၌ ရေပက်ကစားကြသူများ၊ ရေပက်ခံထွက်သူများ၊ တေးသံရှင်များနှင့် အနုပညာရှင်များ၊ အကအဖွဲ့များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို လာရောက် အားပေးသူပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိသည်။

သံတမန်များသည် ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ဟိုတယ်ဇုန်ရှိ မဏ္ဍပ်များ၌ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော် ဦးဆောင်သော သံတမန်အဖွဲ့ဝင်များသည် ရွှေပြည်တော်ဟိုတယ်မဏ္ဍပ်သို့ရောက်ရှိရာတွင် တာဝန်ရှိသူများက မြန်မာ့ရိုးရာစားစရာများဖြင့် တည်ခင်းဧည့်ခံပြီး ရွှေပြည်တော်ဟိုတယ် သမီးပျိုလေးများက ခါသင်္ကြန်အကဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံခြားသံတမန်များသည် မဏ္ဍပ်မှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် အပြန်အလှန်ရေပက်ကစားကြပြီး ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များ၊ နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများနှင့် ပရိသတ်များ ပျော်ရွှင်စွာ ရေပက်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် နေပြည်တော်အက်ဖ်စီမဏ္ဍပ်သို့ သွားရောက်ကြပြီး ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လုပ်ပိုင်ဖြူများ၏ ယိမ်းအကအလှဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ အမေများအဖွဲ့မှ အနုပညာရှင်များနှင့် စုပေါင်း၍ မြန်မာ့သီချင်းဖြင့် တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ဆက်လက်၍ မက်စ်မြန်မာကုမ္ပဏီများရေသဘင်မဏ္ဍပ်၌ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဦးဆောင်သောအဖွဲ့ဝင်များက သံတမန်အဖွဲ့နာယက စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Robert Chua နှင့် ဇနီး ဦးဆောင်သော သံတမန်အဖွဲ့ဝင်များအား မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ သပြေခက်ဖြင့် နံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံတမန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အနုပညာရှင်များသည် ပျော်ရွှင်စွာ အပြန်အလှန် အတာရေပက်ဖျန်းကြသည်။

ထိုမှတစ်ဆင့် ရွှေဧည့်သည်ဟိုတယ်နှင့် ရွှေသံလွင်ကုမ္ပဏီမဏ္ဍပ်သို့ ရောက်ရှိကြပြီး တေးသံရှင်များ၊ မမတို့အဖွဲ့အနုပညာရှင်များ၏ အဆိုအကများဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်သို့ ရောက်ရှိကြရာ ရှေးဦးစွာ မန်းတောင်ရိပ်ခိုသီချင်းဖြင့် ယိမ်းအကလှပျိုဖြူများ၏ ဖျော်ဖြေမှုများကို အားပေးကြသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဦးစိုးမောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဦးဆောင်သော သံတမန်အဖွဲ့ဝင်များနှင့်အတူ သပြေခက်ဖြင့် အပြန်အလှန် ရေပက်ကစားကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ယိမ်းသမလှပျိုဖြူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

သံတမန်အဖွဲ့များ နေပြည်တော်ဟိုတယ်ဇုန်ရှိ မဏ္ဍပ်များ၌ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော်တစ်ဝန်းရှိ မဟာသင်္ကြန်မဏ္ဍပ်များ၌ အေးချမ်းစွာ ရေပက်ကစားကြသည့် သင်္ကြန်ချစ်သူများဖြင့် အထူးစည်ကား

မဟာသင်္ကြန် အကြတ်နေ့က နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန် ရေကစားမဏ္ဍပ်များ၌ ရေပက်ကစားကြသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၁၄

မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် ယနေ့တွင် နံနက်ပိုင်းမှစတင်၍ နေပြည်တော်တစ်ဝန်းရှိ မဟာသင်္ကြန်မဏ္ဍပ်များ၌ အေးချမ်းပျော်ရွှင်စွာ ရေကစားကြသည့် သင်္ကြန်ချစ်သူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ နေပြည်တော် ရာဇသင်္ဂဟလမ်းမကြီးပေါ်ရှိ ဟိုတယ်ဇုန် ရေကစားမဏ္ဍပ်များ၌ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို လာရောက်ကြည့်ရှုအားပေးကြသူများနှင့် တစ်ဦးချင်းရော၊ အသင်းအဖွဲ့လိုက်၊ မိသားစုအလိုက်ပါ ရေသဘင်ပွဲနွှဲပျော်ကြသူများဖြင့် ပိုမိုစည်ကားလျက်ရှိသည်ကိုတွေ့ရသည်။ ဟိုတယ်ဇုန် ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ရက်များအတွင်း မြန်မာ့ရိုးရာအစားအစာများဖြင့် သင်္ကြန်ချစ်သူ ပြည်သူများအား စတုဒိသာကျွေးမွေးဧည့်ခံလျက်လည်းရှိသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၊ နေပြည်တော် ရေပန်းဥယျာဉ်၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီဥယျာဉ်တို့၌ အပူကိုရှောင်ရင်း အနားယူအပန်းဖြေကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ နံနက်ပိုင်းမှစတင်၍ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများ၏ ယိမ်းအကအလှ ပြိုင်ပွဲဝင်တင်ဆက်မှုများ၊ နိုင်ငံကျော်ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများ၊ ပျော်ရွှင်စွာ ရေကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

စာမျက်နှာ ၄ ကော်လံ ၄ ❐

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

ထိုင်းနှစ်သစ်ကူး ဆွန်ခရန်ရေသဘင်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲ စာ-၅



အင်္ဂါဂြိုဟ်ပေါ်တွင် သက်ရှိများ နေထိုင်ရှင်သန်နိုင် စာ-၅

စကြဝဠာမဟာပေါက်ကွဲမှုသီအိုရီ ဖော်ထုတ်ခဲ့သူ စတီဗင်ဟော့ခ်ကင်းနှင့် ရူပဗေဒပညာရှင်ကြီး အဲလ်ဘတ်အိုင်စတိုင်းတို့အား တုယှဉ်နိုင်မည့် လေးနှစ်သမီးပညာပါရမီရှင် ဘရိန်းနီဟိုင်ဒီဟန်ကင်း စာ-၁၁

ကိုပင်ဟေဂင်ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ ဝေါ့ဇ်နီယာစကီ အကြိုဗိုလ်လုပွဲတက်ရောက် စာ-၁၂